# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# စတုတ္ထပုံမှန်အစည်းအဝေး

# ဒသမနေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- | ၆ |
| ၆ | (က) ဦးအာမိုးဆီ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်၏ ထလားလော်၊ ရမန်ချီကျေးရွာအုပ်စုတို့တွင် ကျေးလက်ကျန်းမာရေးဌာနများ ဖွင့်လှစ်ပေးရန်၊ ပြည်သူ့ဆေးရုံနှင့် ဝန်ထမ်းနေအိမ်များအား အသစ်ပြန်လည် တည်ဆောက် ပေးရန်နှင့် အရည်အချင်းရှိ ကျန်းမာရေးဝန်ထမ်းများ ဖွဲ့စည်းပုံပြည့် စေလွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၆ |
| ၇ | (ခ) ဦးစိုင်းထွန်းစိန်၊ မိုင်းပျဉ်း မဲဆန္ဒနယ်၏ မိုင်းပျဉ်းမြို့နယ်၏ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ကျန်းမာရေး ဝန်ထမ်းများအား ဌာန၏ ဘဏ္ဍာရေးနှစ်အလိုက် အမြန်ဆုံးတိုးချဲ့ ဆောင်ရွက်ပေးရန်အစီအစဉ်ကိုသိရှိလိုခြင်း နှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၂ |
| ၈ | (ဂ) ဦးရွှေလှ(ခ)၊ ဦးရွှေလှဝင်း၊ သင်္ဃန်းကျွန်း မဲဆန္ဒနယ်၏ သင်္ဃန်းကျွန်း မြို့နယ်အားကစားကွင်းတစ်ခု ဖော်ဆောင်ပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၈ |

(ဃ)   ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၏ -

(၁) လှိုင်လင်မြို့ ခုတင်(၂၀၀) ဆံ့ အထွေထွေ ရောဂါကု ဆေးရုံကြီးတွင် မျက်စိအထူးကုဆရာဝန်ကြီးများ၊ နား၊ နှာ ခေါင်း၊ လည်ချောင်း အထူးကု ဆရာဝန်ကြီးများနှင့် ခွဲစိတ်မှုအထူးကုဆရာဝန်ကြီး များအား အလျင်အမြန် ခန့် အပ်တာဝန်ပေးရန်

(၂) အောက်စီဂျင်ပေးစက်များ၊ ( Air Sets ) ရောဂါ ရှာဖွေရေး

၉ ပုံရိပ်ဖော်စက် (CT Screen) နှင့် ဆေးရုံသုံးပစ္စည်းများ ၂၃

ဖြည့်ဆည်း ပေးရန်

(၃) ဟိန်ဒုံ၊ လွယ်ကန်း၊ ပန်းလင်း ကျေးရွာတို့တွင် ကျေးလက် ကျန်းမာရေး ဌာနခွဲ ဆောက်လုပ်ပေးရန်

(၄) ထီအုံးနောင်၊ နမ့်ခုတ်၊ ဟွေ့ဝမ်ရွာ တို့တွင် ကျေးလက် ကျန်းမာရေး ဌာနခွဲ (၁)ခု တို့ကို တိုးချဲ့ဖွင့်လှစ်ခွင့် ပြုပေးရန်၊

(၅) ပန်ဟူး ကျေးလက်ကျန်းမာရေးဌာနခွဲအတွက် ကျေးလက် ကျန်းမာရေး ဝန်ထမ်းများ မည်သည့်အချိန်တွင် ခန့်အပ်တာဝန် ပေးမည်ကို သိလိုခြင်း တို့နှင့် စပ်လျဉ်းသည့် မေးခွန်း

(င)   ဦးမင်းသိုင်း၊ ဘိုကလေး မဲဆန္ဒနယ်၏ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာန

၁၀ လက်အောက်တွင် တာဝန်ထမ်းဆောင်နေကြသော ဆေးဘက်ဆိုင်ရာ ခွဲစိတ် ၃၁

ကျွမ်းကျင်များ၏ ရာထူးတိုးမြှင့်ခြင်းဆိုင်ရာ ကိစ္စများကို မည်ကဲ့သို့သော နည်းဥပဒေ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများ ထားရှိသည်ကို သိလိုကြောင်း နှင့် စပ်လျဉ်းသည့် မေးခွန်း

(စ)   ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ ကျေးလက် ကျန်းမာရေးဌာန၊ ဌာနခွဲများမရှိသေးသည့် သင့်လျော်သော ကျေးရွာ

၁၁ တိုင်းတွင် သားဖွား ဆရာမ(၁)ဦးစီ ခန့်အပ်တာဝန်ပေးရန် အစီအစဉ်ရှိ၊ မရှိ ၃၆

နှင့်စပ်လျဉ်းသည့် မေးခွန်း

(ဆ)   ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်၏ မြစ်မခ မြစ်ရေတိုက်စားခြင်း ကြောင့် (၂၀၁၆-၂၀၁၇) ဘဏ္ဍာနှစ်တွင် မြစ်ကြောင်းဖြောင့်ခြင်း၊ ရေကာ

၁၂ ရိုက်ခြင်းများ ဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် ၄၁

မေးခွန်း

(ဇ)   ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၏ ရခိုင်ပြည်နယ်ရှိ မြန်မာ့

၁၃ မီးရထား ဘူတာရုံနှင့် ဝန်ထမ်းနေအိမ်တို့ကို အမြန်ဆုံး ပြုပြင် မွမ်းမံပေးရန် ၄၄

အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း

(ဈ)    ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၏ သမိုင်းချောင်း၊ ပိတောက်
၁၄ ချောင်း၊ ကမာရွတ်ချောင်းများအား စဉ်ဆက်မပြတ် ထိန်းသိမ်းခြင်းများ ၄၈
ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း

(ည) ဦးစဲကီကော်၊ မိုင်းခတ် မဲဆန္ဒနယ်၏ နမ့်လွေချောင်း ရေစီးရေလာ
၁၅ ကောင်းမွန်ရေးအတွက် မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီ ၅၁
ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း

အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော
“နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး
၁၆ ဥပဒေကြမ်း” နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို ၅၅
လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော
“နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး
ဥပဒေကြမ်း” နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက
၁၇ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ၅၉
ကိုယ်စားလှယ်တစ်ဦးက အဆို တင်သွင်းခြင်း နှင့် လွှတ်တော်၏
အဆုံးအဖြတ်ရယူခြင်း၊

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့
၁၈ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက် ၆၁
ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

## ဒသမနေ့ အစီအစဉ်

## [ ၁၆–၂–၂၀၁၇ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကော်မတီများတွင် အဖွဲ့ဝင်များ ထပ်မံ ထည့်သွင်း ဖွဲ့စည်းခြင်း၊ ကော်မတီအဖွဲ့ဝင်များ အစားထိုး လဲလှယ်ဖွဲ့စည်းခြင်း တို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးအာမိုးဆီ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်၏ **ထလားလော်၊ ရမန်ချီကျေးရွာ အုပ်စုတို့တွင် ကျေးလက်ကျန်းမာရေးဌာနများ ဖွင့်လှစ်ပေးရန်၊ ပြည်သူ့ဆေးရုံနှင့် ဝန်ထမ်းနေအိမ်များအား အသစ်ပြန်လည် တည်ဆောက်ပေးရန်နှင့် အရည်အချင်းရှိ ကျန်းမာရေးဝန်ထမ်းများ ဖွဲ့စည်းပုံပြည့် စေလွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုင်းထွန်းစိန်၊ မိုင်းပျဉ်း မဲဆန္ဒနယ်၏ **မိုင်းပျဉ်းမြို့နယ်၏ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ကျန်းမာရေးဝန်ထမ်းများအား ဌာန၏ ဘဏ္ဍာရေးနှစ်အလိုက် အမြန်ဆုံးတိုးချဲ့ဆောင်ရွက်ပေးရန်အစီအစဉ်ကိုသိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးရွှေလှ(ခ)၊ ဦးရွှေလှဝင်း၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **သဃ်န်းကျွန်းမြို့နယ်အားကစားကွင်းတစ်ခု ဖော်ဆောင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၏ –

**(၁) လှိုင်လင်မြို့ ခုတင်(၂၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် မျက်စိအထူးကုဆရာဝန်ကြီးများ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကု ဆရာဝန်ကြီးများနှင့် ဓာတ်မှန်အထူးကုဆရာဝန်ကြီး များအား အလျင်အမြန် ခန့်အပ် တာဝန်ပေးရန်၊**

**(၂) အောက်စီဂျင်ပေးစက်များ၊ (Air Sets) ရောဂါ ရှာဖွေရေး ပုံရိပ်ဖော်စက် (C T Screen) နှင့် ဆေးရုံသုံးပစ္စည်းများ ဖြည့်ဆည်းပေးရန်၊**

**(၃) ဟိန်ဒုံ၊ လွယ်ကန်း၊ ပန်းလင်း ကျေးရွာတို့တွင် ကျေးလက် ကျန်းမာရေး ဌာနခွဲ ဆောက်လုပ်ပေးရန်၊**

**(၄) ထီအုံးနောင်၊ နမ့်ခုတ်၊ ဟွေ့ဝမ်ရွာ တို့တွင် ကျေးလက် ကျန်းမာရေး ဌာနခွဲ (၁)ခု တို့ကို တိုးချဲ့ဖွင့်လှစ်ခွင့် ပြုပေးရန်၊**

**(၅) ပန်ဟူး ကျေးလက်ကျန်းမာရေးဌာနခွဲအတွက် ကျေးလက် ကျန်းမာရေး ဝန်ထမ်းများ မည်သည့်အချိန်တွင် ခန့်အပ်တာဝန် ပေးမည်ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမင်းသိုင်း၊ ဘိုကလေး မဲဆန္ဒနယ်၏ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာန လက်အောက်တွင် တာဝန်ထမ်းဆောင်နေကြသော ဆေးဘက်ဆိုင်ရာ ခွဲစိတ်ခွဲကျွမ်းကျင်များ၏ ရာထူးတိုးမြှင့်ခြင်းဆိုင်ရာ ကိစ္စများကို မည်ကဲ့သို့သော နည်းဥပဒေလုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများ ထားရှိသည်ကို သိလိုကြောင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများမရှိသေးသည့် သင့်လျော်သောကျေးရွာတိုင်းတွင် သားဖွားဆရာမ(၁)ဦးစီ ခန့်အပ်တာဝန်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်၏ **မြစ်မခ မြစ်ရေတိုက်စားခြင်းကြောင့် (၂၀၁၆–၂၀၁၇) ဘဏ္ဍာနှစ်တွင် မြစ်ကြောင်းဖြောင့်ခြင်း၊ ရေကာရိုက်ခြင်းများ ဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဇ) ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ်ရှိ မြန်မာ့မီးရထား ဘူတာရုံနှင့် ဝန်ထမ်းနေအိမ်တို့ကို အမြန်ဆုံး ပြုပြင်မွမ်းမံပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဈ) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၏ **သမိုင်းချောင်း၊ ပိတောက်ချောင်း၊ ကမာရွတ်ချောင်းများအား စဉ်ဆက်မပြတ် ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ည) ဦးစဲကီကော်၊ မိုင်းခတ် မဲဆန္ဒနယ်၏ **နမ့်လွေချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၇။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော **"နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆို တင်သွင်းခြင်း နှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# ဒသမနေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်
## (၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၈၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၆၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးစိန်ဗိုလ်(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ကျွန်တော် ဦးစိန်ဗိုလ်၊ မြဝတီမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့ လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၈၂ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၄ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၂ ရက်၊

(၂) စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း ခွင့် ၁ ရက်၊

(၃) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း ခွင့် ၁ ရက်၊

(၄) မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော် ခွင့် ၂ ရက်၊

(၅) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၁ ရက်၊

(၆) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၇) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၂ ရက်၊

(၈) ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ခွင့် ၁ ရက်၊

(၉) မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် ခွင့် ၁ ရက်၊

(၁၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၁၁) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၁ ရက်၊

(၁၂) ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် ခွင့် ၁ ရက်၊

(၁၃) ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း ခွင့် ၁ ရက်နှင့်

(၁၄) တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင်က ခွင့်ပန်ကြားသူ ၃၀ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၄ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၀ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော် ကော်မတီများတွင် အဖွဲ့ဝင်များ ထပ်မံထည့်သွင်းဖွဲ့စည်းခြင်း၊ ကော်မတီအဖွဲ့ဝင်များ အစားထိုးလဲလှယ်ဖွဲ့စည်းခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားတဲ့ ကော်မတီများမှာ အဖွဲ့ဝင်များ ထပ်မံထည့်သွင်းတာဝန်ပေးအပ်ခြင်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒေါက်တာမင်းသိန်း(ရေဦးမဲဆန္ဒနယ်)နှင့် ဦးအောင်ထူးမြင့်(အောင်လံမဲဆန္ဒနယ်)တို့အား နိုင်ငံတကာဆက်ဆံရေးကော်မတီ၏အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဦးအောင်ကျော်ဦး(ခ)ဦးကျော်ဦး (မိုင်းတုံမဲဆန္ဒနယ်)၊ ဦးဝမ်းလှ(နန်းယွန်းမဲဆန္ဒနယ်)နှင့် ဦးစံခင်(ကန်ပက်လက်မဲဆန္ဒနယ်)တို့အား တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဦးကျော်မင်း(ကမာရွတ်မဲဆန္ဒနယ်)နှင့် ဦးဘုန်းမြင့်အောင်(ဒိုက်ဦးမဲဆန္ဒနယ်) တို့အား နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဦးခင်မောင်ရီ (ဟင်္သာတမဲဆန္ဒနယ်)နှင့် ဦးသန်းအောင်(ငပုတောမဲဆန္ဒနယ်)တို့အား ပညာရေးမြှင့်တင်မှုကော်မတီ၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဒေါ်စန်းစန်းအိ(မိုးညှင်းမဲဆန္ဒနယ်)နှင့် ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်) တို့အား ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဒေါ်ခင်မို့မို့အောင်(လသာမဲဆန္ဒနယ်)နှင့် ဦးနေစိုးအောင်(ဝန်းသိုမဲဆန္ဒနယ်)တို့အား ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဦးအောင်မြင့် (သာယာဝတီမဲဆန္ဒနယ်)နှင့် ဦးကျော်တင်(ဆောမဲဆန္ဒနယ်)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဦးမြင့်သိန်း (ဝက်လက်မဲဆန္ဒနယ်)၊ ဦးစိုင်းထွန်းအောင်(မိုင်းယောင်းမဲဆန္ဒနယ်)နှင့် ဦးနိုင်သောင်းညွန့် (မော်လမြိုင်မဲဆန္ဒနယ်)တို့အား တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဦးတိုးသောင်(မိုးမိတ်မဲဆန္ဒနယ်)နှင့် ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်) တို့အား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏အဖွင့်ဝင်အဖြစ် လည်းကောင်း၊ ဦးဇော်ဝင်း(ကြည့်မြင်တိုင်မဲဆန္ဒနယ်)နှင့် ဦးကျော်ကြီး(ခ)ဦးအုန်းခင် (မင်းလှ

မဲဆန္ဒနယ်)တို့အား စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဦးသန်းလင်းလင်း(မယ်စဲမဲဆန္ဒနယ်)နှင့် ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)တို့အား ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဦးစိုးမြင့်(ခ)ဦးစိုးလွင်(ငဖဲမဲဆန္ဒနယ်)နှင့် ဦးစိုးစံသက်ထွန်း(မြင်းမူမဲဆန္ဒနယ်)တို့အား ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဦးအောင်စိုးမင်း(ရွာငံမဲဆန္ဒနယ်)နှင့် ဦးထွန်းဝင်း(ကျွန်းလှမဲဆန္ဒနယ်)တို့အား လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဦးမင်းသိုင်း(ဘိုကလေးမဲဆန္ဒနယ်)၊ ဦးဝင်းဆွေ(မော်လမြိုင်ကျွန်းမဲဆန္ဒနယ်)နှင့် ဦးအောင်သန်း(သဲကုန်းမဲဆန္ဒနယ်)တို့အား ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဒေါက်တာခင်မောင်သင်း(အရာတော်မဲဆန္ဒနယ်) နှင့် ဦးထွန်းထွန်းဝင်း(ရမည်းသင်းမဲဆန္ဒနယ်)တို့အား တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း ကော်မတီအဖွဲ့ဝင်များအဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်းသွားမှာဖြစ်ပါတယ်။ တင်ပြခဲ့တဲ့ ကော်မတီအဖွဲ့ဝင်များ ထပ်မံထည့်သွင်းဖွဲ့စည်းခြင်းကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကော်မတီအဖွဲ့ဝင်များ ထပ်မံထည့်သွင်းဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြည်သူ့လွှတ်တော် ကော်မတီအဖွဲ့ဝင်များ အစားထိုးလဲလှယ်ဖွဲ့စည်းခြင်းကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်နိုင်ငံတကာဆက်ဆံရေးကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးကြီးမောင်မောင်ဦး အစား ဗိုလ်မှူးကြီးနေဝင်းအားလည်းကောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းသန်း အစား ဗိုလ်မှူးချုပ်ဦးကျော်အားလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးကြီးခင်မောင်ထွန်း အစား ဗိုလ်မှူးကြီးခင်မောင်ချိုအားလည်းကောင်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးကြီးထွန်းမြတ်ဆွေအစား ဗိုလ်မှူးချုပ်အောင်ကျော်ငြိမ်းအားလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး

ခင်မောင်ဆွေအစား ဗိုလ်မှူးကြီးကြည်ရွှေအားလည်းကောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးကြီးမြဦးအစား ဗိုလ်မှူးချုပ်ဝင်းကိုကိုအားလည်းကောင်း၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးကြီးထွန်းသန်းအုန်းအစား ဗိုလ်မှူးကြီးစိုးဝင်းအားလည်းကောင်း၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီတွင် အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးညီညီလွင်အစား ဗိုလ်မှူးချုပ်ဝင်းမောင်အားလည်းကောင်း အစားထိုးလဲလှယ်ဖွဲ့စည်းမှာဖြစ်ပါတယ်။ တင်ပြခဲ့တဲ့ကော်မတီအဖွဲ့ဝင်များ အစားထိုးလဲလှယ်ဖွဲ့စည်းခြင်းကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကော်မတီအဖွဲ့ဝင်များ အစားထိုးလဲလှယ်ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ထလားလော်၊ ရမန်ချီကျေးရွာအုပ်စုတို့တွင် ကျေးလက်ကျန်းမာရေးဌာနများ ဖွင့်လှစ်ပေးရန်၊ ပြည်သူ့ဆေးရုံနှင့် ဝန်ထမ်းနေအိမ်များအား အသစ်ပြန်လည်တည်ဆောက်ပေးရန်နှင့် အရည်အချင်းရှိကျန်းမာရေးဝန်ထမ်းများ ဖွဲ့စည်းပုံပြည့် စေလွှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအာမိုးဆီ(ခေါင်လန်ဖူးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ခေါင်လန်ဖူးမြို့နယ်တွင် အမှန်တကယ်လိုအပ်သော အရည်အချင်းရှိ ကျန်းမာရေးဝန်ထမ်းများ ဖွဲ့စည်းပုံပြည့်စေလွှတ်ပေးရန်၊ ပြည်သူ့ဆေးရုံဝန်ထမ်းနေအိမ်များ အသစ်ပြန်လည်တည်ဆောက်ပေးရန်၊ ထလားလော်ကျေးရွာအုပ်စု

နှင့် ရမန်ချီကျေးရွာအုပ်စုတွင် ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ပေးရန်ကိစ္စနှင့်စပ်လျဉ်းတဲ့ မေးခွန်းများ မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ခေါင်လန်ဖူးမြို့နယ်သည် ပင်လယ်ရဲ့ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၆၈၀ ပေတည်ရှိပြီး ခရိုင်ရုံးစိုက်ရာ ပူတာအိုမြို့နှင့် မိုင်ပေါင်း ၁၃၀ ကျော်ကွာဝေးပြီး မြန်မာနိုင်ငံမြောက်ဘက်အကျဆုံး တောင်ပေါ်မြို့ဖြစ်ပါတယ်။ ခေါင်လန်ဖူးမြို့ကို ရပ်ကွက်လေးခု၊ ကျေးရွာအုပ်စု ၂၃ အုပ်စု၊ ကျေးရွာပေါင်း ၁၄၂ ရွာဖြင့် ဖွဲ့စည်းတည်ထောင်ထားပြီး လူဦးရေမှာ ၁၅၀၀၀ ကျော် နေထိုင်ပါတယ်။ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး အစစအရာရာ ဖွံ့ဖြိုးတိုးတက်မှုနောက်အကျဆုံးမြို့လည်း ဖြစ်ပါတယ်။ ခေါင်လန်ဖူးမြို့တွင် ကျန်းမာရေးဌာနအနေဖြင့် မြို့ပေါ်တွင် ဆေးရုံတစ်ရုံ၊ ဇီယောကျေးရွာနှင့် ခေါ်ဘူဒဲကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနနှင့် ရိဒန်း၊ ဒိလာဝါဇီ၊ ဖန်တုံ၊ ရှီလာဝါဒီ၊ ထဖုန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်ထားသည်ဟုဆိုသော်လည်း ကျန်းမာရေးဝန်ထမ်းများမလုံလောက်ခြင်း၊ ဝန်ထမ်းနေအိမ်မရှိခြင်းတို့ တွေ့ရပါတယ်။ ရှိသည့်အဆောက်အအုံများမှာလည်း ရာသီဥတုကြောင့် မိုးများပြီး ဆွေးမြည့်ပျက်စီးနေတာကို တွေ့ရှိရပါတယ်။

တချို့က လူနာမရှိလို့ ဆရာဝန်နှင့်ကျန်းမာရေးဝန်ထမ်းမရှိဖြစ်တယ်လို့ ပြောတယ်။ အမှန်မှာ ဆရာဝန်နှင့်ကျန်းမာရေးဝန်ထမ်းမရှိလို့ လူနာမလာတာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ထမ်း မလုံလောက်မှုနှင့်ဆေးဝါးမလုံလောက်မှုကြောင့် လူနာတွေက တောတောင်ကို ခက်ခက်ခဲခဲကျော်ဖြတ်ပြီး သူတို့နှင့် နီးစပ်တဲ့ တရုတ်ပြည်သို့ ဆေးဝါးကုသမှုခံယူနေကြရပါတယ်။ အဲဒီလိုဆေးဝါးကုသမှုခံယူနေတဲ့အချိန်မှာ တခြားနိုင်ငံဖြစ်လို့ ခွဲခြားဆက်ဆံခံရခြင်း၊ ငွေကုန်ကြေးကျများခြင်း၊ ဘာသာစကားအခက်အခဲရှိခြင်း စသည့်ဒုက္ခများ တွေ့ကြုံခံစားရပါတယ်။ ပူတာအိုမြို့သို့ ဆေးဝါးကုသမှုခံယူရာတွင်လည်း လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် အလားတူ ဒုက္ခများ ခံစားရပါတယ်။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါ။ ဒီဟာကတော့ ခေါင်လန်ဖူးမြို့စဖြစ်လာတဲ့အချိန်ကတည်းက ဆောက်လုပ်ထားတဲ့ဆေးရုံဖြစ်ပါတယ်။ အထဲမှာကတော့ ဘာမှတော့မရှိပါဘူး။ အဆောက်အအုံရဲ့ အောက်ဘက်မှာလည်း ပြိုကျနေပါတယ်။ အဲဒါကတော့ ကျန်းမာရေးဝန်ထမ်းတွေနေတဲ့နေရာတွေ ဖြစ်ပါတယ်။ အခု ရာသီဥတုကြောင့် အောက်ခြေမှာ ပျက်စီးယိုယွင်းပြီးမှ သံဖိနပ်ခုံနဲ့ပဲ ထိန်းထားတာဖြစ်ပါတယ်။ ဒီဟာကတော့ ရိဒန်းကျေးရွာက ကျန်းမာရေးဝန်ထမ်းတွေရဲ့နေအိမ်နှင့် ရုံးအဆောက်အဦ ပူးတွဲနေထိုင်တဲ့ ရုံးဖွင့်ထားတဲ့နေရာဖြစ်ပါတယ်။ ဒီဟာက ကျန်းမာရေးဝန်ထမ်းနေအိမ် ပျက်စီးမှုအချို့ တွေ့ရတာဖြစ်ပါတယ်။ ဒီဟာကတော့ ဇီယောကျေးရွာမှာရှိတဲ့ ကျန်းမာရေးဝန်ထမ်းနေအိမ် အဆောက်အဦ

ဖြစ်ပါတယ်။ ဒါပေမဲ့ တစ်နှစ်လုံး၊ တစ်ရာသီလုံး ကျန်းမာရေးဆေးခန်းဖွင့်လှစ်ခြင်းတော့ မရှိပါဘူး။ ဒီဟာကတော့ ခေါင်လန်ဖူးမြို့နယ်မှာ ပြသထားတဲ့ ဆေးဝါးတွေဖြစ်ပါတယ်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ချမှတ်ဆောင်ရွက်နေသည့် မူဝါဒ၊ ရည်မှန်းချက်များသည် အလွန်ပင်ကောင်းမွန်သော်လည်း ကျွန်တော်တို့တောင်ပေါ်မြို့တွင် ကျန်းမာရေးစောင့်ရှောက်မှုတွေ ရသင့်သလောက် အားနည်းနေသည်ကို တွေ့ရှိရပါတယ်။ အချို့မြို့ကြီးများတွင် ဆေးရုံ၊ ဆေးခန်း အစုံအလင်ရှိသော်လည်း ကျွန်တော်တို့ ခေါင်လန်ဖူးမြို့နယ်ရှိ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် ကျန်းမာရေးစောင့်ရှောက်မှုသည် အနိမ့်ဆုံးအဆင့်တွင် ရှိပါတယ်။ ၎င်းကိစ္စများကို ဖြေရှင်းနိုင်ရန်အတွက် တောင်ပေါ်ဒေသနှင့်ကိုက်ညီသော ကျန်းမာရေးဝန်ထမ်းနှင့် ဆေးဝါးပစ္စည်းများ ပြည့်စုံစွာရှိရန် အလွန်အရေးကြီးပါတယ်။ ထို့ကြောင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အချိန်တိုအတွင်း ကုန်ကျစရိတ်သက်သာစွာ ဆေးဝါးကုသမှုခံယူနိုင်ရန်အတွက် အထက်ပါမေးခွန်းများကို ပြည်သူလူထုနှင့် ဌာနဆိုင်ရာဝန်ထမ်းများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအာမိုးဆီ မေးသောမေးခွန်း၌ အပိုင်းသုံးပိုင်းရှိပါတယ်။ အချိန်ငါးမိနစ်နည်းနည်းလေးကျော်နိုင်ပါတယ်ခင်ဗျား။ ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်။ ကျွန်တော် တတိယအပိုင်းမှ စဖြေပါမယ်။ မေးခွန်းတတိယအပိုင်းဖြစ်သည့် အရည်အချင်းရှိ ကျန်းမာရေးဝန်ထမ်းများဖွဲ့စည်းပုံပြည့်စေလွှတ်ပေးရန်ကိစ္စနှင့်ပတ်သက်၍ ဖြေကြားပါမယ်။ ဤမေးခွန်း၌ အပိုင်းငယ်နှစ်ပိုင်းပါပါတယ်။ ပထမအပိုင်းငယ်ဖြစ်သည့် ကျေးလက်ကျန်းမာရေးဌာနများ၌ အရည်အချင်းပြည့် ဝန်ထမ်းများဖြစ်ရန်ကိစ္စမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အရေးကြီးသောရည်မှန်းချက်တစ်ခုဖြစ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ Workshop များ၊

Seminar ၊ Forum ၊ ကျွမ်းကျင်မှုဆိုင်ရာ Meeting များ၊ လုပ်ငန်းခွင်သင်တန်း(In Service Training) စတာကို နည်းမျိုးစုံအသုံးပြုပြီးတော့ အရည်အချင်းပြည့် စွမ်းရည်မြှင့်လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီကိစ္စများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ပြည်သူ့ကျန်းမာရေးပညာရှင်များကဦးစီးပြီး WHO ၊ UNICEF ၊ UNFPA စတဲ့ အဖွဲ့အစည်းများက ငွေအင်အားနှင့် အခြားကျွမ်းကျင်မှုအင်အားအချို့ကိုယူပြီးတော့ အရှိန်အဟုန်မြှင့် လုပ်ဆောင်လာတာ ရှိပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ သိရန်အတွက်ကို ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ လစဉ် Newsletter ထုတ်ပါတယ်။ အဲဒီ Newsletter ကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးတွေ့အောင် ဒေါက်တာဦးစံရွှေဝင်းကို အောက်တိုဘာလ အတွက် ၆၅၀ အုပ်၊ နိုဝင်ဘာ ၆၅၀၊ ဒီဇင်ဘာ ၆၅၀ ပေးထားပါတယ်။ ဒီ Newsletter မှာဆိုလို့ရှိရင် ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သင်တန်းတွေ၊ မွမ်းမံသင်တန်းတွေ၊ အရည်အချင်းမြှင့်သင်တန်းတွေကို အသေးစိတ်ဖော်ပြထားပါတယ်။ ဘယ်ရက်မှာ ဘယ်မှာလုပ်လဲ။ ဘယ်ဝန်ထမ်းတွေကိုလုပ်လဲ။ အကုန်လုံးပါပါတယ်။ ဒါကို ဖတ်ကြည့်လို့ရှိရင် ကျန်းမာရေးဝန်ကြီးဌာန ရဲ့ ဝန်ထမ်းတွေ အရည်အချင်းပြည့် လုပ်ငန်းတွေကို ဘယ်လောက်လုပ်နေသလဲဆိုတာ သိနိုင်ပါတယ်။

ထို့အပြင် ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပြည်သူ့ကျန်းမာရေး တိုးတက်ဖို့အတွက်ကို အခြေခံကျန်းမာရေးလုပ်သားဖြစ်တဲ့ ကျန်းမာရေးမှူး(Health Assistant)၊ Mid Wife၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၁)၊ (၂) Public Health Supervisor (1) နှင့် (2) တွေကို မတ်လကစပြီးတော့ တစ်ပြည်လုံးအတိုင်းအတာအနေနဲ့ တိုင်းဒေသကြီး/ပြည်နယ်အလိုက် မွမ်းမံ သင်တန်းများ စပေးဖို့ စီစဉ်ထားပြီးဖြစ်ပါတယ်။ ကျန်းမာရေးမှူးမှာ တစ်ပတ်၊ PHS (1) ၊ (2) တစ်ပတ် အဲဒီလို သေချာလုပ်ဖို့ အစီအစဉ်လုပ်ထားပါတယ်။ သို့မှသာလျှင် ဝေးလံခက်ခဲဒေသများမှာ တာဝန် ထမ်းဆောင်နေတဲ့ ပြည်သူ့ကျန်းမာရေးဝန်ထမ်း အရည်အချင်းပြည့်မယ်။ အရည်အချင်းပြည့်မှ ကျွန်တော်တို့က Service ကို ကောင်းကောင်းပြည်သူလူထုကို ပေးနိုင်မယ်။ ဒါကို ကျွန်တော်တို့က ဦးစားပေးနဲ့ ဦးစားပေးနဲ့လုပ်နေပါတယ်ခင်ဗျား။

ဒုတိယအပိုင်းငယ်ဖြစ်တဲ့ ဖွဲ့စည်းပုံပြည့်စေလွှတ်ရန်ကိစ္စမှာ မိမိတို့မှာရှိတဲ့ Human Resources ပေါ်မူတည်ပြီးတော့ ဆေးရုံ၊ ဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနများကို ကျွန်တော် တို့ ချပေးလျက်ရှိပါတယ်။ ချပေးတဲ့အခါမှာ Rural Health Center ကျေးလက်ကျန်းမာရေးဌာနနှင့်

ကျေးလက်ကျန်းမာရေးဌာနခွဲများကို အထူးဦးစားပေးပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအား တစ်ချက်မေးရန်ရှိပါတယ်။ ဘာဖြစ်လို့ ချက်ချင်း မပေးနိုင်သလဲဆိုတာက ကျွန်တော်တို့မှာ အရင်တုန်းက Health Work Force Strategic Plan (၂၀၁၂-၂၀၁၆)ရှိပါတယ်။ ဒီ Plan ကြီးသည် အလွန့်အလွန်ကောင်းပါတယ်။ သို့သော် ဒီ Plan မှာပါတာတွေကို သိပ်ပြီးတော့ အားမထည့်ခဲ့ပါဘူး။ မထည့်တဲ့အတွက် ကျွန်တော်တို့က လူ့စွမ်းအား အရင်းအမြစ်က လိုတဲ့နေရာမှာ မပေးနိုင်ဘူးဖြစ်နေပါတယ်။ သို့သော်လည်း ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ၂၀၁၇ ခုနှစ်ကနေ ၂၀၂၂ ခုနှစ်အထိ စပြီးဆွဲနေပါတယ်။ ထို့အပြင် National Health Plan ဆိုတဲ့ အမျိုးသားကျန်းမာရေးစီမံကိန်း ၂၀၁၇ ခုနှစ်ကနေ ၂၀၂၂ ခုနှစ်ကလည်း ပြီးသလောက်ဖြစ်နေပါပြီ။ ဒီလကုန်လောက်မှာ အကုန်ပြီးပါမယ်။ ပြီးရင် အဲဒီအထဲမှာပါတဲ့အတိုင်း ကျွန်တော် သေသေချာချာ လုပ်ဖို့ရှိပါတယ်။ ဒီတစ်ခါမှာတော့ ကျွန်တော် National Health Plan (အမျိုးသားကျန်းမာရေးစီမံ ကိန်း)သည် စားပွဲပေါ်မှာ သို့မဟုတ် ဗီရိုထဲမှာ မရှိအောင်လုပ်မှာပါ။ အဲဒီမှာပါတာတွေကို တစ်ခုချင်း၊ တစ်ခုချင်းလုပ်ဖို့ ကျွန်တော်တို့ အားလုံးအစီအစဉ်ရှိပါတယ်ခင်ဗျား။

မေးခွန်းရဲ့ဒုတိယပိုင်းဖြစ်တဲ့ ဝန်ထမ်းအိမ်ရာကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော် ဖြေကြားပါမယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာဆိုရင်လည်း ငွေကျပ်သန်းပေါင်း ၉၀၀၀ အစိုးရကို အဆိုပြုထား ပါတယ်။ ရဖို့လည်း ရှိပါတယ်။ ဒီငွေနဲ့ ဝန်ထမ်းအိမ်ရာပေါင်း ငါးထောင်ကျော်ကို ဒီနှစ်မှာ လာမယ့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဆောက်မှာပါ။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်များမှာလည်း ဝန်ထမ်း အိမ်ရာကိစ္စနှင့်ပတ်သက်ပြီး ဘတ်ဂျက်ငွေကို တိုးတောင်းမယ်။ တိုးတောင်းသော်လည်း Overall စုစုပေါင်း ဘတ်ဂျက်ကိုတော့ မကျော်ပါဘူး။ ကျန်တဲ့နေရာတွေမှာလျှော့ပြီး ဝန်ထမ်းအိမ်ရာတွေမှာ ကျွန်တော်တို့ တိုးတောင်းဖို့ အစီအစဉ်ရှိပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ခေါင်လန်ဖူး မြို့နယ်ဆေးရုံသည် ၂၅ ခုတင်ဆံ့ဆေးရုံဖြစ်ပြီး အဆောက်အဦအားဖြင့် ပင်မအဆောက်အဦ သစ်သား ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးတစ်ခုနှင့် ဝန်ထမ်းအိမ်ရာ သစ်သားပျဉ်ခင်း၊ ပျဉ်ကာနှစ်လုံးသာရှိပါတယ်။ ဒီအဆောက်အဦကလည်း ရာသီဥတုအခြေအနေအရ၊ ပထဝီအနေအထားအရ နှစ်ကာလကြာရှည်ပြီး ယိုယွင်းလျက်ရှိပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ခေါင်လန်ဖူးမြို့နယ်ဆေးရုံ၏ လက်ရှိအဆောက် အဦများကို တောင့်တင်းသင့်တော်ခိုင်မာသောအနေအထား တည်ဆောက်ပေးနိုင်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေ သန်း ၂၅၀ အား ပြည်နယ်ကုသရေးဦးစီးဌာနမှူးမှ

**မူကြမ်း**

တောင်းခံတဲ့အတွက် ဆက်လက်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ သို့သော်လည်း ဤနေရာမှာ အရေးပေါ်ပြင်ဆင်ဖို့လိုလို့ရှိရင် ဒီနှစ်အတွင်းမှာပဲ ပြင်ဆင်စရိတ်ကို ချပေးလို့ရပါတယ်ခင်ဗျား။ ဆက်လက်ပြီးတော့ ဆွေးနွေးပြီး ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့်လုပ်မှာပါ။

မေးခွန်း၏ပထမပိုင်းဖြစ်တဲ့ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်ရှိ ထလားလော်ကျေးရွာအုပ်စု နှင့် ရမန်ချီကျေးရွာအုပ်စုတို့တွင် ကျေးလက်ကျန်းမာရေးဌာနများ ဖွင့်လှစ်ရန်ကိစ္စနှင့်ပတ်သက်ပြီး တော့ ကြည့်လိုက်ပါတယ်။ ပြန်ကြည့်တဲ့အခါမှာ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်မှာ မြို့နယ်ဆေးရုံ ၂၅ ခုတင်ဆံ့တစ်ရုံရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာန (Rural Health Center) နှစ်ခုရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲ (Sub-Center) ငါးခုရှိပါတယ်။ မိခင်ကလေးကျန်းမာရေးဌာနတစ်ခု ရှိပါတယ်။ မြို့နယ်ဆေးရုံဝန်ထမ်းအင်အားမှာလည်း လက်ထောက်ဆရာဝန်တစ်ဦး၊ သူနာပြုလေးဦး အပါအဝင် ဝန်ထမ်း ၁၄ ဦးနှင့် လုပ်ကိုင်လျက်ရှိပါတယ်။ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများအနေနဲ့ တော့ ကျန်းမာရေးမှူးနှစ်ဦး၊ သားဖွားဆရာမငါးဦးတို့ဖြင့် ခေါင်လန်ဖူးမြို့နယ်ရှိ စုစုပေါင်းလူဦးရေ ၁၁၆၅၅ ဦးတို့အား ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ကျေးရွာအုပ်စုနှစ်ခုကို အသေးစိတ်လေ့လာ ထားပါတယ်။ လေ့လာတာကိုတော့ ကျွန်တော် မပြောတော့ပါဘူး။ အဲဒီလေ့လာတွေ့ရှိချက်အရ ဆိုလို့ရှိရင် ထလားလော်ကျေးရွာအုပ်စုနှင့် ရမန်ချီကျေးရွာအုပ်စုသည် လူဦးရေက အလွန်နည်း ပါတယ်။ အခြေခံမူအရတော့ ကျေးလက်ကျန်းမာရေးဌာနခွဲလုပ်မယ်ဆိုရင် ၃၀၀၀ ကနေ ၅၀၀၀ လောက်တော့ ရှိရပါတယ်။ ကျန်းမာရေးဌာနတွင် ပြသသူဦးရေအနေနှင့်လည်း အများအပြားတော့ မရှိပါဘူး။ ဒါပေမဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း ဆရာဝန် သို့မဟုတ် သူနာပြု ဆရာမ သို့မဟုတ် Health Assistant မရှိရင်တော့ သူတို့လာမှာမဟုတ်ပါဘူး။ အဲဒီတော့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ကြီး တောင်းဆိုတဲ့နေရာက ကျေးလက်ကျန်းမာရေးဌာနများနှင့် ကျန်တဲ့ ရှိပြီးသား ကျေးလက်ကျန်းမာရေးဌာနနဲ့ သိပ်ပြီးတော့ မဝေးပါဘူး။ ၎င်းနေရာမှာလုပ်ကိုင်နေသော ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူးကလည်း လတ်တလောအခြေအနေအရ လိုအပ်မှုမရှိသေးဘူးလို့ ကျွန်တော်တို့ Fax နဲ့အကြောင်းကြားထားပါတယ်။ အဲဒါကြောင့် အဆိုပါကျေးရွာအုပ်စုများမှာတော့ ကျေးလက်ကျန်းမာရေးဌာနခွဲအသစ်အနေဖြင့် ဖွင့်လှစ်ရန်တော့ အစီအစဉ်မရှိပါဘူး။ သို့သော်လည်း ဒီကျေးလက်ကျန်းမာရေးအသစ်ဖွင့်မယ့်နေရာနဲ့ အလွန်အနီးဆုံးဖြစ်တဲ့ ခေါ်ဘူဒဲကျေးလက်ကျန်းမာ ရေးဌာနမှာတော့ လစ်လပ်လျက်ရှိသော သားဖွားဆရာမတစ်ဦးနှင့် ကျန်းမာရေးကြီးကြပ်(၂) လေးဦး၊

ဖံယောကျေးလက်ကျန်းမာရေးဌာနမှာ လစ်လပ်လျက်ရှိသော သားဖွားဆရာမနှစ်ဦးနှင့် ကျန်းမာရေးကြီးကြပ်(၂) ငါးဦးနှင့် ရှီလာဝါဒီကျေးလက်ကျန်းမာရေးဌာနခွဲတွင် လစ်လပ်လျက်ရှိသော သားဖွားဆရာမတစ်ဦး ခန့်ထားပေးရေးအတွက်ကတော့ ယခု သားဖွားဆရာမ ၁၉၅၉ ယောက် ခန့်ဖို့ရှိပါတယ်။ ဒီလ သို့မဟုတ် မတ်လမှာ ခန့်မယ်။ အဲဒီအထဲက ကချင်ပြည်နယ်ခွဲတမ်းမှာ သားဖွားဆရာမ ၇၆ ဦးပါပါတယ်။ ကျန်းမာရေးကြီးကြပ်(၂) ၉၀ ဦးပါပါတယ်။ အဲဒီပါတဲ့လူထဲကနေပြီးတော့ အခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့နေရာကို ကျွန်တော်တို့ ဦးစားပေးခန့်ထားဖို့အတွက်ကို ပြည်နယ်ဦးစီးမှုးကို အကြောင်းကြားမှာပါ။ ထို့အပြင် ကျေးလက်ကျန်းမာရေးဌာနမှာရှိတဲ့ ပစ္စည်း၊ ဆေးတွေကိုလည်း လုံလောက်စွာဖြည့်ဆည်းပေးဖို့ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှုးကို တိုက်ရိုက်တယ်လီဖုန်းဆက်ပြီးတော့ ပြောကြားထားပြီးဖြစ်ပါတယ်။ လိုအပ်တဲ့ဆေးတွေကို ထပ်ဖြည့်ဖို့ရှိပါတယ်။

ခေါင်လန်ဖူးမြို့နယ်ဆေးရုံ၌ ၂၀၁၆ ခုနှစ်တွင် တစ်နေ့ပျမ်းမျှ အပြင်လူနာဦးရေကတော့ ၁၂ ယောက်၊ ၁၃ ယောက်ရှိပြီးတော့ ပျမ်းမျှအတွင်းလူနာကတော့ တစ်ယောက်တောင်မရှိပါဘူး။ ၀.၇၅ ပဲရှိပါတယ်။ ဆေးရုံခွင့်ပြုခုတင် အသုံးပြုနှုန်းကလည်း သုံးရာခိုင်နှုန်းပဲရှိတာကို တွေ့တော့ ဆေးရုံက လူနာအသုံးပြုအပေါ်မူတည်ပြီး လစ်လပ်လျက်ရှိသော မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှုးကတော့ ကျွန်တော်တို့ ခန့်ပေးဖို့ စဉ်းစားပါမယ်။ အခြားဝန်ထမ်းများလည်း ဒီ ၂၅ ခုတင်ဆံ့ဖွဲ့စည်းပုံအရ ပြည်နယ်ဦးစီးမှုးကို သွားရောက်ပြီးတော့ အသေးစိတ်လေ့လာပါမယ်။ ဒီ Location ကအစ ဆေးရုံကိုမလာတာ ဘာကြောင့်မလာလဲ။ ဒီကိစ္စတွေအားလုံး လုပ်ပေးတဲ့အပြင် အဓိကကတော့ လိုတဲ့ ဆေးပစ္စည်းတွေ အမြန်ဆုံးပေးပို့မယ်။ သူက သားဖွားဆရာမ၊ Health Assistant ဒါကိုတော့ အမြန်ဆုံးခန့်ပေးမည်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မိုင်းပျဉ်းမြို့နယ်၏ ကျေးလက်ကျမ်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ကျန်းမာရေးဝန်ထမ်းများအား ဌာန၏ဘဏ္ဍာရေးနှစ်အလိုက် အမြန်ဆုံးတိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းစိန်(မိုင်းပျဉ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး ကိုယ်စိတ်ကျန်းမာပါစေကြောင်း ပဏာမဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မိုင်းပျဉ်း

မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော့်မဲဆန္ဒနယ်မှ ပြည်သူလူထုများရဲ့ ကျန်းမာရေးကဏ္ဍကို ပိုမိုတိုးတက်မြင့်မားဖို့ ရည်ရွယ်ပြီး တော့မှ မေးခွန်းတစ်ခုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကနေတစ်ဆင့် တင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌခင်ဗျား။ မိုင်းပျဉ်းမြို့နယ်သည် ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံခရိုင်တွင်တည်ရှိပြီး ဧရိယာ အကျယ်အဝန်းအားဖြင့် ၂၃၃၁ စတုရန်းမိုင်ရှိပါတယ်။ ၂၀၁၆ ခုနှစ် လူဦးရေစာရင်းအရ စုစုပေါင်း ၆၉၁၂၅ ဦးရှိပြီး လမ်းပန်းဆက်သွယ်ရေးမှာ တောင်ကုန်းတောင်တန်းများ အလွန်ထူထပ်ပေါများပြီး မြေနိမ့်လွင်ပြင်ရှားပါး ဝေးလံခက်ခဲလှပါတယ်။ မြို့နယ်အတွင်းမှာ လူဦးရေနေထိုင်မှု ကျဲပါးပျံ့နှံ့လျက် ကျေးရွာအုပ်စုတစ်ခုနှင့်တစ်ခု သွားလာရာတွင်လည်း ခက်ခဲလှပါတယ်။ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ ကျန်းမာရေးကဏ္ဍအတွက် လေ့လာချက်အရ ကျေးလက်ကျန်းမာရေးဌာနသုံးခု၊ ကျေးလက် ကျန်းမာရေးဌာနခွဲကိုးခုရှိရာ ကျေးရွာအုပ်စုပေါင်း ၃၃ အုပ်စု၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ပေးမှုမှာ အလွန်အားနည်းလျက်ရှိပါကြောင်း တင်ပြလိုပါတယ်။ တစ်မြို့နယ်လုံးရှိ အခြေခံဘက်စုံ သားဖွား ဆရာမ ၁၆ ဦးသာရှိပြီး ကျန်းမာရေးမှူး၊ လက်ထောက်ကျန်းမာရေးမှူးများမှာလည်း တစ်ဦးတလေ မျှမရှိဘဲ လစ်လပ်လျက်ရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများမှာ ဖွဲ့စည်းပုံအရ အလွန် နည်းပါးနေသောကြောင့် လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးချဲ့ကာကွယ်ဆေးလုပ်ငန်း များ၊ ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းအောင်မြင်ထိရောက်မှုမှာ လွန်စွာ အားနည်းနေသေးကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ ဝန်ထမ်းဖွဲ့စည်းပုံနည်းပါးခြင်းကြောင့် လက်လှမ်း မမီတဲ့ကျေးရွာပေါင်း ၁၀၀ ခန့်ဟာ ကျန်းမာရေးလုပ်ငန်းများ လွှမ်းခြုံမှုမပေးနိုင်ဘဲ ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ မိုင်းပျဉ်းမြို့နယ် လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှုကောင်းလာ စေရန် တိုးချဲ့ကာကွယ်ဆေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန်လာစေရန် ကျန်းမာရေး ပညာပေးလုပ်ငန်းများ၊ ရောဂါကာကွယ်ရေးလုပ်ငန်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ရောဂါဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီကုသခြင်း၊ သတင်းပို့ခြင်းလုပ်ငန်းများ ပိုမိုလွယ်ကူ လျင်မြန်စွာဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး ဖွဲ့စည်းပုံပြင်ဆင်တိုးချဲ့ဆောင်ရွက်ပေးပါရန်နှင့် ကျေးလက် ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ကျန်းမာရေးဝန်ထမ်းများအား ဌာနရဲ့ဘဏ္ဍာရေး နှစ်အလိုက် အမြန်ဆုံးတိုးချဲ့ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ကို ဥက္ကဋ္ဌကနေတစ်ဆင့် မေးမြန်းတင်ပြ အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။ ။**

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်၏မေးခွန်းကို ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ မေးခွန်း၌ လွှမ်းခြုံမှုနှင့်ပတ်သက်ပြီးတော့ ပိုမိုကောင်းဖို့အတွက် လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ(Public Health Activity)တွေ တိုးချဲ့ကာကွယ်ရေး (Expanded Programme Immunization)ကိစ္စများ၊ ကျန်းမာရေးပညာပေးလုပ်ငန်း၊ ရောဂါကာကွယ်ရေး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ ရောဂါဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ သတင်းပို့ခြင်းကို ပိုမိုလျင်မြန်စွာဆောင်ရွက်နိုင်ရန် ဖွဲ့စည်းပုံပြင်ဆင်တိုးချဲ့ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောထားပါတယ်။ ဤလုပ်ငန်းများကို ကျွန်တော်တို့ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် မိုင်းပျဉ်းမြို့နယ်တစ်ခုတည်းသာမကဘဲ တစ်ပြည်လုံးအတိုင်းအတာဖြင့် ကျွန်တော်တို့လုပ်ကိုင်လျက်ရှိပါတယ်ခင်ဗျ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက်ကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတစ်ခုလုံး၏ ကျန်းမာရေးစနစ်တစ်ခုလုံးကို ပီပြင်အောင် ကျွန်တော်တို့လုပ်နေပါတယ်။ မြန်ဆန်အောင်လုပ်နေပါတယ်။ ထိရောက်အောင်လုပ်နေပါတယ်။ ငွေကုန်ရကျိုးနပ်အောင်လုပ်နေပါတယ်။ ရေရှည်တည်တံ့အောင်လုပ်နေပါတယ်။ တုံ့ပြန်မှုမြန်ဆန်ရန် ကျွန်တော်တို့လုပ်နေတာ အခု ၁၀ လလောက်ရှိပါပြီခင်ဗျား။ ရှေ့ဆက်လက်ပြီးလည်း ဒါတွေလုပ်ရင် မကြာခင်အတွင်းမှာ ကျွန်တော်တို့ကျန်းမာရေးစနစ်ကြီးဟာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး တောင်းဆိုတဲ့အတိုင်း ပီပြင်၊ မြန်ဆန်၊ ထိရောက်၊ ငွေကုန်ရကျိုးနပ်၊ ရေရှည်တည်တံ့ပြီး တုံ့ပြန်မှုမြန်ဆန်လာမှာဖြစ်တာကို ကျွန်တော်ပြောကြားလိုပါတယ်။ ဒါကတော့ ဖြစ်လည်းဖြစ်မှာပါ။ အဲဒီတော့ ဒီဟာတွေကိစ္စကို ကျွန်တော်တို့က နည်းဗျူဟာအမျိုးမျိုး၊ မဟာဗျူဟာအမျိုးမျိုးကိုအသုံးပြုပြီး လက်ရှိကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှာရှိတဲ့ ပြည်သူ့ကျန်းမာရေးပညာရှင်များနှင့် အခြားဝန်ထမ်းများနှင့် အထူးကြိုးစားပြီးလုပ်ကိုင်လျက်ရှိတယ်ဆိုတာကို ပြောကြားလိုပါတယ်။ ဤကိစ္စတွေကိုအောင်မြင်ဖို့ဆိုလို့ရှိရင် ဖွဲ့စည်းပုံတိုးချဲ့ခြင်းဖြင့် အကုန်တော့မရနိုင်ပါဘူး။ ဒီဝန်ထမ်းတွေရဲ့ Capacity၊ သူတို့ရဲ့စွမ်းအားပေါ့လေ။ သူတို့ရဲ့တော်မှု၊ ပြည်သူတွေ ကိုစေတနာရှိမှု။ ဒါတွေကလည်းအများကြီးပါတဲ့အတွက် ကျွန်တော်တို့က အဘက်ဘက်ကနေလုပ်နေပါတယ်။ ဝန်ထမ်းမရှိတာကိုဖြည့်လိုက်ခြင်းအားဖြင့် ဒါအဖြေမဟုတ်ပါဘူး။ ဝင်လာတဲ့ဝန်ထမ်းတွေမှာ ဘယ်လိုလူတွေကို

စေတနာရှိလဲ၊ Ethics ဘယ်လိုဖြစ်လဲ၊ Commitment ဒါတွေကအကုန်အရေးကြီးပါတယ်။ ထို့အပြင် ဒီမိုင်းပျဉ်းမှာလည်း ကျွန်တော်တို့က ဒီ NGO တွေ၊ လူမှုရေးအဖွဲ့အစည်းတွေရှိ မယ်။ Civil Society Organization ရှိမယ်။ Ethics ပေါ့လေ။ ဒီ Organization ဒါတွေကိုလည်း မိမိတို့နဲ့ဘယ်လို ပေါင်းပြီးလုပ်မယ်ဆိုတာကို ကျွန်တော်တို့ လုပ်ဖို့လိုပါတယ်။

ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှာ လူကအများကြီးမရှိပါဘူး။ အဲဒီတော့ ဒီအဖွဲ့တွေနဲ့ ပေါင်းစည်းပြီးမှသာလျှင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့လုပ်ငန်းများဟာ ပြီးပြင်မှာဖြစ်ပါတယ်။ ဒီရှမ်းပြည်နယ်၊ မိုင်းပျဉ်းမြို့နယ်မှာ ကျွန်တော်တို့ ကြည့်လိုက်တဲ့အခါမှာ လူဦးရေအားဖြင့် ၆၈၀၀၀ ရှိပြီး၊ ကျေးရွာအုပ်စုပေါင်း ၃၅၀၊ အိမ်ခြေစုစုပေါင်း ၁၀၆၉၀ အိမ်၊ ငါးနှစ်အောက် ကလေးစုစုပေါင်း ၈၂၀၀၊ ကိုယ်ဝန်ဆောင်မိခင် ၇၅၅ ဦး ကျန်းမာရေးဌာနများအနေဖြင့် ၂၅ ခုတင်ဆံ့ဆေးရုံတစ်ရုံ၊ ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံတစ်ရုံ၊ မိခင်ကလေး ကျန်းမာရေးဌာနတစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနသုံးခု၊ ကျေးလက်ကျန်းမာရေး ဌာနခွဲကိုးခုတို့ဖြင့် ဆေးရုံဝန်ထမ်း အင်အားလည်း မြို့နယ်ဦးစီးမှူးတစ်ဦး၊ လက်ထောက်ဆရာဝန်နှစ်ဦး၊ အထက်တန်းသူနာပြုခုနစ်ဦး၊ သူနာပြု(၃) ကိုးဦးနှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများမှာဆိုလို့ရှိရင်လည်း အမျိုးသမီးကျန်းမာရေး ဆရာမသုံးဦး၊ သားဖွားဆရာမ ၁၆ ဦး၊ ကျန်းမာရေးကြီးကြပ် ခြောက်ဦးတို့ဖြင့် ကျန်းမာရေး စောင့်ရှောက်မှုများကို ပေးလျက်ရှိပါတယ်။ ဒါတွေကိုပြန်ကြည့်တဲ့အခါမှာ သင့်တင့်သောလူ့စွမ်းအား အရင်းအမြစ်ရှိတယ်လို့တော့ သုံးသပ်လို့ရပါတယ်။ သို့သော်လည်း ဒီမှာလစ်လပ်လျက်ရှိတဲ့ ဆရာဝန် ကိုးဦးရှိရမယ့်နေရာမှာ သုံးဦးပဲရှိတာကို တွေ့ရပါတယ်။ သူနာပြုရှစ်ဦးရှိရမယ့်နေရာမှာ ခုနစ်ဦးရှိတဲ့ အတွက်အခြေအနေကောင်းပါတယ်။ သူနာပြု Trained Nurse ၁၄ ဦးရှိတဲ့နေရာမှာ ကိုးဦးရှိတဲ့ အတွက် အခြားမြို့နယ်နဲ့စာလို့ရှိရင်တော့ အခြေအနေသိပ်မဆိုးလှပါဘူး။ ဒါတွေကို တွေ့ရပါတယ်။ အဲဒီတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့က ဗဟိုမှာနေတဲ့သူတွေဖြစ်တဲ့အတွက် တွေ့ရှိတဲ့စာရင်း ဇယားပေါ်မှာမူတည်ပြီး သုံးသပ်တာပါ။ သို့သော်လည်း ဒီကိစ္စကိုပိုပြီးတော့ အသေးစိတ်သုံးသပ်လို့ ရအောင်တော့ ကျွန်တော် ပြည်နယ်ဦးစီးမှူးကို သူ့အဖွဲ့နဲ့ ဗဟိုကလည်း အဖွဲ့တစ်ယောက်ထည့်ပါမယ်။ ထည့်ပြီးအသေးစိတ်သုံးသပ်ဖို့ လုပ်ခိုင်းပါတယ်။ သုံးသပ်ဆိုတာက ကျွန်တော်တို့ကျန်းမာရေး အခေါ်အဝေါ်အရတော့ ဒီ Epidemiological Analysis ပေါ့လေ။ အသေးစိတ်သုံးသပ်မယ်။ ရှိတဲ့ လူအင်အား ဘယ်လောက်ရှိလဲ။ လူနာဘယ်လောက်များသလဲ။ လမ်းပန်းဆက်သွယ်ရေးက ဘယ်လောက်ခက်လဲ။ ဒီကျန်းမာရေးဝန်ဆောင်မှုကို IN fresh လုပ်တဲ့အချက်တွေကို အကုန်လုံး

ကျွန်တော်လေ့လာခိုင်းပါမယ်။ လေ့လာခိုင်းပြီးထွက်လာတဲ့ Report ပေါ်မူတည်ပြီး ဒီမိုင်းပျဉ်းကို ကျွန်တော်လုပ်ပေးပါမယ်။ ဘာကြောင့်လည်းဆိုတော့ မိုင်းပျဉ်းကနေ အလွန့်အလွန်ဝေးတဲ့နေရာ ဖြစ်တဲ့အတွက် ဒါတွေကို ဦးစားပေးဖို့လိုပါတယ်။ ကျွန်တော်တို့ ပစ်မထားပါဘူးခင်ဗျ။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးကို တင်ပြချင်တာက မိုင်းပျဉ်းမြို့နယ်ရဲ့ ကျေးလက်ကျန်းမာရေးဌာနနဲ့ လူဦးရေအချိုးကိုတွက်တဲ့အခါမှာ ၁ း ၂၂၈၃၅ ဦးရှိတဲ့အတွက် တစ်နိုင်ငံလုံးမှာ ရှိတဲ့ ပျမ်းမျှ National Average က ၁ း ၂၈၉၂၀ ဖြစ်တဲ့အတွက် National Average ထက်တောင် ပိုကောင်းနေတာကို တွေ့ရပါတယ်။ သို့သော် ဒီဥစ္စာကတော့ ဒီလိုတွက်သော်ငြားလည်း တစ်ချက်ရှိ တာကပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးကို တင်ပြတာကတော့နယ်မြေဒေသရဲ့ ဒီ Geographical၊ တောင်တွေရှိတယ်၊ မရှိတယ် ဒီအပေါ်လည်းမူတည်တယ်ဆိုတာ ကျွန်တော်နားလည်ပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲနဲ့ လူဦးရေအချိုးကိုကြည့်တဲ့အခါမှာ မိုင်းပျဉ်းမှာ ၁ း ၇၆၁၁ ရှိပြီး လက်ရှိတစ်နိုင်ငံလုံးပျမ်းမျှအချိုးကတော့ ၁း၆၈၁၀ ဖြစ်တဲ့အတွက် အနည်းငယ်သာ လျော့တာတွေ့တဲ့ အတွက် သိပ်ပြီးတော့အခြေအနေဆိုးကြီးတော့ မဟုတ်ပါဘူး။ အသင့်အတင့်တော့ရှိပါတယ်။ ဒီ ကျေးလက်ကျန်းမာရေးဌာနတစ်ခုမှာ ကုသပေးသည့်လူဦးရေကလည်း ၂၀၁၅ ခုနှစ်မှာဆိုရင် ၆၇၈၀ ခန့် ရှိပြီး ပျမ်းမျှတစ်လလျှင် ၅၆၅ ဦးရှိတဲ့အတွက် ကျွန်တော်တို့ ဒီမိုင်းပျဉ်းမှာရှိတဲ့ပြည်သူများဟာ ကျေးလက်ကျန်းမာရေးဌာနကို အားကိုးကြောင်းဆိုတာလည်း ဒီမှာပေါ်လွင်နေပါတယ်။ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအဆင့်မြှင့်တင်ခြင်းနှင့်ပတ်သက်ပြီး အသစ်တိုးချဲ့ရန် မြေပြင်လိုအပ်ချက်ကို အခြေခံ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့နှင့်ညှိနှိုင်းပြီး ကျွန်တော်ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မေးခွန်း၏ဒုတိယအပိုင်းဖြစ်တဲ့ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ကျန်းမာရေးဝန်ထမ်းများအား ဌာန၏ဘဏ္ဍာရေးနှစ်အလိုက် အမြန်ဆုံးတိုးချဲ့ဖွဲ့စည်းဖို့တောင်းဆိုထားပါတယ်။

ဒီကိစ္စနှင့်ပတ်သက်လို့လည်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနက လက်ထောက်ကျန်းမာရေးမှူး လုပ်သက်သုံးနှစ်ပြည့်သူကို ကျန်းမာရေးမှူးအဆင့်(၁)ပေါ့။ တော်တော်အဆင့်မြင့်ပါတယ်။ ရှမ်းပြည် နယ်မှာ ရာထူးခန့်ဖို့ခေါ်ပါတယ်။ အဲဒီတော့ လာရောက်ဖြေဆိုသူ ၈၄ ဦးရှိသော်လည်း ရှမ်းပြည်နယ် ဘက်က လာရောက်ဖြေဆိုသူတစ်ယောက်မှ မတွေ့ပါဘူးခင်ဗျား။ အဲဒီတော့ ကျွန်တော်တို့က ရာထူး တိုးပေးလို့မရပါဘူးခင်ဗျား။ သို့သော်လည်း ဒီတိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှာလစ်လပ်လျက်ရှိတဲ့ လက်ထောက်ကျန်းမာရေးမှူးနေရာကို မကြာခင် ဒီလ သို့မဟုတ် နောက်လ

မှာ ကျန်းမာရေးမှူး ၃၀၀ ခန့်ဖို့ အစိုးရအဖွဲ့ကလည်း သဘောတူပြီးဖြစ်တယ်။ ကျွန်တော်တို့ အင်တာဗျူးလုပ်ပြီး လူရွေးနေပါတယ်။ အဲဒီတော့ ဒီထဲကရတယ်ဆိုရင် ရှမ်းပြည်နယ်အရှေ့ပိုင်းကို ခွဲတမ်း ၁၂ ယောက်ရှိပါတယ်။ ဒီ ၁၂ ယောက်ထဲကနေပြီးတော့ မိုင်းပျဉ်းကိုဦးစားပေးပြီး တာဝန်ချ ထားဖို့အတွက်ကို ပြည်နယ်ဦးစီးမှူးကို ကျွန်တော်တို့အကြောင်းကြားမယ်ဖြစ်ပါတယ်။ ဒီ တစ်ရက် နှစ်ရက်အတွင်း အကြောင်းကြားထားပါမယ်။ လစ်လပ်လျက်ရှိသော အမျိုးသမီးကျန်းမာရေးဆရာမ လေးဦးခန့်ရေးနှင့် ပတ်သက်ပြီးတော့ လက်ရှိအခြေအနေမှာ အမျိုးသမီးကျန်းမာရေးဆရာမ ၁၄၄ ဦး တက်ရောက်နေပြီး ဒီ ၂၀၁၇ ခုနှစ် နိုင်ဝင်ဘာလမှာ သင်တန်းပြီးဆုံးမှာဖြစ်တဲ့အတွက် အဲဒီပြီးဆုံးလို့ ရှိရင် သူတို့ကိုဦးစားပေးပြီးတော့ မိုင်းပျဉ်းမှာတော့ တစ်ယောက် သို့မဟုတ် နှစ်ယောက်လောက် တော့ရဖို့ ကျွန်တော်တို့စီစဉ်ပေးပါမယ်။ လစ်လပ်လျက်ရှိသော သားဖွားဆရာမနှစ်ဦး ခန့်ဖို့အတွက် ကတော့ သစ်လွင်သားဖွားဆရာမ ၁၉၅၉ ယောက်ခန့်အပ်ဖို့ အစိုးရကသဘောတူပြီးဖြစ်တဲ့အတွက် ဒီလ သို့မဟုတ် နောက်လမှာ ဘတ်ဂျက်နှစ်မကုန်မီ ၁၉၅၉ ဦးကို ခန့်မှာဖြစ်ပါတယ်။ ခန့်မှာဖြစ်တဲ့ အတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကို သူကို ခွဲတမ်း ၄၇ ဦးရပါတယ်။ အဲဒီ ၄၇ ဦးကနေ ဒီဟာကို ကျွန်တော်တို့ခန့်ပေးပါမယ်။

ထို့အပြင် လစ်လပ်လျက်ရှိသော ကျန်းမာရေးကြီးကြပ်(၂) ၂၀ ဦး လစ်လပ်တာကို ခန့်ဖို့နဲ့ ပတ်သက်ပြီးတော့လည်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေနဲ့ ၂၀၁၇ ခုနှစ်မှာ ပြည်သူ့ကျန်းမာရေး ကြီးကြပ် ၃၀၀၀ ခန့်ဖို့ အစိုးရအဖွဲ့ကသဘောတူခဲ့ပြီး ဖြစ်ပါတယ်။ အခု စားမေးပွဲလည်း ဖြေပြီးပါပြီ။ အင်တာဗျူးတွေလုပ်နေပါတယ်။ လုပ်ပြီးလို့ရှိရင် အဲဒီထွက်လာတဲ့အထဲက ရှမ်းပြည်အရှေ့ကို ခွဲတမ်းက ၁၆၀ ရှိပါတယ်ခင်ဗျား။ ဒီ ၁၆၀ ဦးက သင်တန်းတွေပေးပြီးလို့ရှိရင်တော့ သူတို့ အဲဒီမှာ နေရာအကုန်ချထားပေးပါမယ်။ အဲဒီတော့ တော်တော်လေးအင်အားတောင့်သွားမယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။ အရှေ့ပိုင်းတွင် ၁၆၀ ဖြစ်ပါတယ်။ အလားတူ (၃၉)ကြိမ်မြောက် ပြည်သူ့ကျန်းမာရေး ကြီးကြပ်(၁) သင်တန်းဆင်းလျှင် ပြည်သူ့ကျန်းမာရေးကြီးကြပ်(၁)တွေကိုလည်း ဒီမှာ လစ်လပ်တဲ့ နေရာများမှာ ဦးစားပေးခန့်ထားမှာဖြစ်ပါတယ်။ ထို့အပြင် ကျွန်တော် နောက်ဆုံးတစ်ချက်တင်ပြချင် တာကတော့ အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁)မှာလည်း ကျန်းမာရေးအခြေခံ အဆောက်အအုံ(Health Infrastructure)၊ လူ့စွမ်းအားအရင်းအမြစ်(Human resources for Health)ကို ဦးစားပေးပြီးတော့ လုပ်ကိုင်မှာဖြစ်တဲ့အတွက် မကြာခင် နှစ်နှစ်၊ သုံးနှစ်လောက်အတွင်း

မှာ ကျွန်တော်တို့ ကျန်းမာရေးအခြေအနေတွေဟာ တော်တော်လေးကောင်းသွားမယ်လို့ ယုံကြည်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**သဃ်န်းကျွန်းမြို့နယ်အားကစားကွင်းတစ်ခု ဖော်ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ဦးရွှေလှဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရွှေလှ(ခ)ဦးရွှေလှဝင်း(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ဦးရွှေလှဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်တော်တို့ သဃ်န်းကျွန်းမြို့နယ်မှာ မြို့နယ်အားကစားကွင်းတစ်ခုဖော်ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ချိန်ကဆိုလျှင် မြန်မာ့ဘောလုံးအားကစားနှင့် ပြေးခုန်ပစ်အားကစားတို့ဟာ အာရှအဆင့်မှာ ရွှေတံဆိပ်ဆုများစွာရရှိခဲ့ပြီး အောင်မြင်မှုသရဖူဆောင်းခဲ့ပါတယ်။ ယခုအခါမှာ ဘောလုံးအားကစားရော၊ ပြေးခုန်ပစ်အားကစားရော နှစ်ခုလုံး ကျဆင်းနေတာကို ကျွန်တော်တို့တွေ့မြင်ရပါတယ်။ ဥပမာ- ဘောလုံးအားကစားကိုပဲ ကြည့်ပါ။ မကြာသေးခင်ကပြီးသွားတဲ့ ထိုင်းနှင့်မြန်မာ ဘောလုံးပွဲကိုသုံးသပ်ရမယ်ဆိုရင် မြန်မာအသင်းဟာ ထိုင်းအသင်းကို အဘက်ဘက်ကမယှဉ်နိုင်ခဲ့ပါဘူး။ ဂိုးပြတ်ရှုံးနိမ့်ခဲ့ပါတယ်။ အရင်တုန်းကဆိုရင် မြန်မာအသင်းဟာ ထိုင်းအသင်းကို ငယ်နိုင်ဖြစ်ခဲ့ပါတယ်။ ၁၉၅၇ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ ၂၆ နှစ်တာကာလအတွင်းမှာ ထိုင်းနဲ့မြန်မာတွေ့ဆုံတဲ့ ပွဲစဉ်အားလုံးမှာ မြန်မာကခြေအသာဂိုးအပြတ်နဲ့ ချည်းပဲ အမြဲတမ်းနိုင်ခဲ့ပါတယ်။ တစ်ခါမှမရှုံးခဲ့ပါဘူး။ အဲ့ဒီအချိန်တုန်းက မြန်မာရဲ့ပြိုင်ဘက်ဟာ ထိုင်းမဟုတ်ပါဘူး။ အခု အာရှ ထိပ်သီးတွေဖြစ်နေတဲ့ တောင်ကိုရီးယားတို့၊ အီရန်တို့ဖြစ်ပါတယ်။ ဒီအချက်ကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ဘောလုံးအားကစားဟာ ကျဆင်းနေတယ်ဆိုတာ ထင်ရှားပါတယ်။ ဘောလုံးအားကစားဘာဖြစ်လို့ ကျဆင်းရသလဲဆိုတဲ့အချက်တွေ အများကြီးထဲမှာ အဓိကအချက်တစ်ချက်ကတော့ ကျွန်တော်သိရသလောက် အားကစားကွင်း၊ ဘောလုံးကွင်း လုံလုံလောက်လောက်မရှိလို့ဘဲ ဖြစ်ပါတယ်လို့ သုံးသပ်မိပါတယ်။ ဒီလိုဆိုရင် အရင်တုန်းကရော

ဘောလုံးကွင်းတွေ လုံလုံလောက်လောက်ရှိခဲ့ရဲ့လားလို့မေးရင် ကျွန်တော့်မဲဆန္ဒနယ်ကို အခြေခံပြီး တော့ပြောရမယ်ဆိုရင်တော့ အရင်တုန်းက ဘောလုံးကွင်းလုံလုံလောက်လောက် ရှိခဲ့ပါတယ်လို့ ကျွန်တော်ဖြေရပါလိမ့်မယ်။ ဥပမာ- ကျွန်တော်တို့ သယ်န်းကျွန်းမြို့နယ်မှာ အရင်တုန်းကဆိုရင် ရပ်ကွက်တိုင်းနီးပါး ဘောလုံးကွင်းရှိခဲ့ပါတယ်။ အခုအချိန်မှာ အဲဒီဘောလုံးကွင်းတွေဟာ ပုံစံ အမျိုးမျိုးနဲ့ ပျောက်ကွယ်သွားပါတယ်။ ပျောက်ကွယ်ပုံလေး လေးခုလောက်ကို ဥပမာတင်ပြလိုပါ တယ်။ မြို့နယ်အားကစားကွင်းအဖြစ်အသုံးပြုခဲ့တဲ့ ကျိုက်ကဆံဘုရားအနီးက ဘောလုံးကွင်းကြီးဟာ အခုတော့ သယ်န်းကျွန်းစံပြဈေးရုံကြီး ဖြစ်နေပါပြီ။ လက်ရွေးစင်တွေပါ ဖိတ်ခေါ်ပြိုင်ပွဲ မကြာခဏ ကျင်းပလေ့ရှိတဲ့ ဘဝမြင့်ဘောလုံးကွင်းကြီးဟာလည်း အခုဆိုရင် မလိခအိမ်ရာအဖြစ် အဆောက်အဦ တွေဖြစ်နေပါပြီ။ ရန်ကုန်တိုင်းလက်ရွေးစင်တွေ၊ မြန်မာ့ လက်ရွေးစင်တွေ မွေးထုတ်ပေးခဲ့တဲ့ (၁၆/၃) ဘောလုံးကွင်းမှာလည်းပဲ အခုမြေငှားဂရန်ချထားသူတွေက အိမ်ဆောက်ထားပါတယ်။ ဘောလုံးကွင်း ပြန်လည်ရရှိဖို့ကြိုးပမ်းတဲ့ ရပ်ကွက်သားတချို့တောင်မှ တရားစွဲခံရပြီး တရားခံအဖြစ်ရင်ဆိုင်နေရ ပါတယ်။

ငမိုးရိပ်ရပ်ကွက်ဘောလုံးကွင်းဟာလည်းပဲ အခုဆိုရင် အ.ထ.ကကျောင်းခွဲအဖြစ် ရောက်ရှိ နေပါတယ်။ အဲဒီလိုပဲ အခြားသောဘောလုံးကွင်းများ၊ ကလေးကစားကွင်းများမှာလည်းပဲ ပျောက်ကွယ် နေကြပါပြီ။ ဒီလိုပဲ အခြားသောမြို့နယ်တွေမှာလည်းပဲ အားကစားကွင်းတွေဟာ ပုံစံအမျိုးမျိုးနဲ့ ပျောက်ကွယ်သွားပြီဖြစ်ကြောင်းကို ကျွန်တော်သိရပါတယ်။ အဲဒီတော့ အားကစားလောကတိုးတက်ဖို့ အတွက်ဆိုတာ ဘောလုံးကွင်းတွေ၊ အားကစားကွင်းတွေကို ပြန်လည်ဖော်ထုတ်ဖို့ လိုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြို့နယ်မှာ သုဝဏ္ဏဘောလုံးကွင်းကြီးရှိပါတယ်။ သုဝဏ္ဏအားကစား ရုံကြီး ရှိပါတယ်။ မြက်ခင်းအတုဘောလုံးကွင်းတွေ၊ လေ့ကျင့်ရေးကွင်းတွေရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့မြို့နယ်က အဲဒီမှာပါဝင်ကစားလို့မရပါဘူး။ ကျွန်တော်တို့မြို့နယ်အနေနဲ့ မြင်သာမြင်ရ မကြင်ရမောင့်မှာလိုဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ အဲဒီကွင်းတွေကို ကျွန်တော်တို့တည်ဆောက်ဖို့ အတွက် ကျွန်တော်တို့မြို့နယ်က ရပ်ကွက်တချို့ဖျက်ပေးခဲ့ရပါတယ်။ ပြည်သူများရဲ့အိုးအိမ်တွေ၊ ဘုန်းကြီးကျောင်းတွေပြောင်းရွှေ့ပေးခဲ့ရပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ သယ်န်းကျွန်းအတွက် ဘောလုံးကွင်းလေးတစ်ကွင်းတောင် မရခဲ့ပါဘူး။ ကျွန်တော်တို့နဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့မြို့နယ် တွေမှာ ဘောလုံးကွင်းတွေအသီးသီးရှိသော်လည်းပဲ ကျွန်တော်တို့မြို့နယ်မှာ လက်ညှိုးထိုးပြစရာ မြို့နယ် အားကစားကွင်းမရှိတဲ့အတွက် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ သယ်န်းကျွန်းမြို့နယ်

မှာ မြို့နယ်အားကစားကွင်းတစ်ခုကို ဖော်ဆောင်ပေးဖို့အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား မေးမြန်းအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှ(ခ)ဦးရွှေလှဝင်း၏ မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို ကြည့်လိုက်တဲ့အခါမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး၏မေးခွန်းဟာ မြန်မာ့ဘောလုံးလောကနဲ့ မြန်မာ့အားကစားလောကကို တိုးတက်ရန်ရည်ရွယ်ပြီးမေးတဲ့မေးခွန်းဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ အလွန်ပဲနှစ်ခြိုက်မိပါတယ်။ သဃ်န်းကျွန်းမြို့နယ်မှာ မြို့နယ်အားကစားကွင်းတစ်ခုတည်ဆောက် ဖော်ဆောင်ရေးနှင့်ပတ်သက်ပြီးတော့ စံချိန်မီမြို့နယ်အားကစားကွင်းတစ်ခုဖြစ်ဖို့ဆိုရင် ကျွန်တော့် အနေနဲ့ မြေအားဖြင့် အလျားပေ ၆၀၀ x အနံပေ ၄၀၀ ရှိသော မြေအကျယ်အဝန်းလိုမည် ဖြစ်ပါတယ်။ သဃ်န်းကျွန်းမြို့နယ်တွင် မြို့နယ်အားကစားကွင်းတည်ဆောက်နိုင်ဖို့အတွက် အဆိုပါ လိုအပ်သည့် မြေဧရိယာကို အရင်ဆုံးရရှိဖို့ အရေးကြီးပါတယ်ခင်ဗျား။

ယခုလက်ရှိအခြေအနေအရ သဃ်န်းကျွန်းမြို့နယ်တွင် အားကစားကွင်းတစ်ခုဖော်ထုတ်ရန် အတွက် အားကစားကွင်းမြေအဖြစ် သတ်သတ်မှတ်မှတ်မြေမရှိသေးပါဘူး။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တစ်ခုတင်ပြချင်တာကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့လည်း ဒီသဃ်န်းကျွန်းမြို့နယ်အတွင်းမှာရှိတဲ့ ပရဟိတစိတ်နှင့် အားကစားစိတ်ဓာတ်ရှိတဲ့ မြေယာပိုင်ဆိုင်တဲ့ပုဂ္ဂိုလ်ကြီးများထံမှ အခမဲ့ရရှိဖို့ပံ့ပိုးစေချင်ပါတယ်။ စုံစမ်းထောက်လှမ်းစေချင်ပါတယ်ခင်ဗျား။ အကယ်၍ ဒီမြေကိုရရှိမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဒီမြေကို အားကစားနှင့်ကာယပညာဦးစီးဌာနမြေပိုင်အဖြစ် ကျွန်တော်တို့ပြောင်းလဲလျှောက်ထား ပြီးတော့ သဃ်န်းကျွန်းမြို့နယ်အားကစားကွင်း တည်ဆောက်ခြင်းလုပ်ငန်းအတွက် ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ကြီးနဲ့ ဘဏ္ဍာရေးခွင့်ပြုရန်ပုံငွေတွင် ထည့်သွင်းတောင်းခံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ဒီလိုအားကစားကွင်းရရှိပါက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးဖြစ်စေလိုတဲ့

ဘောလုံးပွဲမှာလည်း ဆုတံဆိပ်များအများကြီးရမယ့်အပြင် ပြည်သူများကလည်း ပိုမိုကျန်းမာလာမယ်ဆိုတာ သေချာပါတယ်ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ သယ်န်းကျွန်းမြို့နယ်မှာ နိုင်ငံတကာအဆင့်မီ သုဝဏ္ဏဘောလုံးကွင်းကြီး၊ သုဝဏ္ဏအားကစားရုံကြီး၊ မြက်ခင်းအတုဘောလုံးကွင်းများ၊ ဒီမြက်ခင်းအတုကတော့ တော်တော်လေးဈေးကြီးပါတယ်။ လေ့ကျင့်ရေး ဘောလုံးကွင်းများ၊ စက်ဘီးလေ့ကျင့်ရေးကွင်းများကို မြို့နယ်အားကစားအဖွဲ့အစည်းများမှအသုံးပြုမယ်လို့ ကျွန်တော်တို့ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကို တောင်းဆိုလို့ရှိရင် ကျွန်တော်တို့ စီစဉ်ပေးပါမယ်။ တချို့ကွင်းတွေကတော့ အဖွဲ့ချုပ်တွေကိုငှားထားတဲ့အတွက် တောင်းဆိုလို့ရှိရင် အဖွဲ့ချုပ်တွေနဲ့ညှိပြီးတော့ ကျွန်တော်တို့လုပ်ပေးပါမယ်ခင်ဗျား။ အဲဒီတော့ ကျွန်တော်ဆိုလိုတာက ဒီအားကစားကွင်းကြီးကိုအကုန်လုံး Free လူတိုင်းကိုမပေးတာကတော့ ဒီအားကစားကွင်းကြီးကို ထိန်းသိမ်းစောင့်ရှောက်ရတဲ့ကုန်ကျစရိတ်ကတော်တော်များပါတယ်။ မိမိတို့အနေဖြင့် ဒီကွင်းကြီး မပျက်စီးအောင်အမြဲတမ်းထိန်းသိမ်းလျက်ရှိတဲ့အတွက် ကျွန်တော်တို့က Open Access ပေါ့လေ။ အကုန်လုံးတော့မလုပ်ပါဘူး။ သို့သော်လည်း ကျွန်တော်တို့က တချို့အားကစာကွင်းတွေကိုတော့ပေးမယ်။ ပေးလို့ရှိရင် ပြည်သူလူထုသိအောင်လည်း ဆိုင်းဘုတ်တွေကိုကပ်ဖို့စီစဉ်ပါတယ်။ မည်သူမဆို အချိန်မရွေးလာရောက်ကစားနိုင်တယ်။ ဘာလို့လဲဆိုတော့ ပြည်သူလူထုက နေရာမသိတဲ့အခါကျတော့ မဝင်ရဲတာတွေဖြစ်မယ်။ အဲဒီကိစ္စတွေလည်း ကျွန်တော်တို့ပြန်လည်စိစစ်ပါမယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်နောက်ဆုံးပိုင်းမှာတင်ပြမယ်။ ကျွန်တော်တို့မှာ အားကစားကွင်းတွေ ဘယ်လောက်ရှိပြီး ဘာတွေလုပ်နေတယ်ဆိုတာကျွန်တော်တင်ပြမှာပါ။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတွက် ဘောလုံးအားကစားလောကကျဆင်းရသည့်အချက်များထဲမှာ အဓိကအချက်ကတော့ ဘောလုံးကွင်းလုံလောက်စွာမရှိခြင်းသည်ပြောပါတယ်။ မှန်တော့မှန်ပါတယ်။ ဒါပေမဲ့ ဒီတစ်ချက်တည်းနဲ့တော့မရပါဘူးခင်ဗျား။ အဓိကကတော့ လေ့ကျင့်မှုစနစ်ပီပြင်မှု (Scientific) ဖြစ်မှု၊ နည်းပြဆရာကျွမ်းကျင်မှု၊ အတွေ့အကြုံရှိမှု၊ အဟာရပြည့်ဝခြင်းရှိ/မရှိ၊ ဘောလုံး အားကစားသမား၏ ဘဝလုံခြုံမှု၊ အလုပ်အကိုင်၊ ကစားပြီးရင်ဘယ်ဌာနမှာ ဘယ်လိုဆက်အလုပ်လုပ်ရမလဲ၊ ကျောင်းများ၌ဘောလုံးအားကစားကို အားပေးမှုရှိ/မရှိ၊ ကျောင်းသားအားကစားပွဲတော်များ လုပ်ပေးမှုရှိ/မရှိ၊ တက္ကသိုလ်များအလိုက် အားကစားပြိုင်ပွဲများလုပ်ပေးမှုရှိ/မရှိ ဒါတွေအကုန်လုံးပေါင်းမှ အားကစားလောကကြီးသို့မဟုတ် ဘောလုံးလောကကြီးတစ်ခုလုံးက တိုးတက်လာမှာ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း မြေနေရာအတော်များများသည် အိမ်ရာအဆောက်အဦများ၊ အထက်တန်းကျောင်းများ၊ အလယ်တန်းကျောင်းများ၊ သယ်န်းကျွန်းစံပြဆေးရုံကြီးများဖြစ်သွားခြင်းတို့မှာ ရှေးယခင်ကဖြစ်သွားသည့်အတွက် ယခုကာလ၌ဖြစ်သွားခြင်းမဟုတ်ပါဘူး။ ကျွန်တော်တာဝန်ထမ်းဆောင်တဲ့အချိန်မှာ ဒါမျိုးကိုမဖြစ်အောင် အတတ်နိုင်ဆုံးဆောင်ရွက်သွားမယ်ဆိုတာလည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ကိုယ်စားလှယ်များကို ကျွန်တော်တင်ပြလိုပါတယ်။ ကျွန်တော့်အနေနဲ့က ယခုအခါ တစ်ပြည်လုံးမှာရှိတဲ့ အားကစားကွင်းတွေရဲ့အခြေအနေ မြို့နယ်အားကစားကို စာရင်းကောက်ခိုင်းထားပါတယ်။ ပြင်ဆင်စရာရှိတဲ့ မြို့နယ်အားကစားတွေကိုအကုန်ပြင်မှာပါ။ ဒါမှ ပြည်သူလူထုကကစားမယ်။ မြို့နယ်အားကစားကွင်းကတော့ Free Access ပေါ့ လူတိုင်းကစားလို့ရပါတယ်။

နောက်ဆုံးကျွန်တော်တင်ပြချင်တာကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို ကျွန်တော်တင်ပြချင်တာကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်မှာ အားကစားကွင်း/အားကစားရုံနှင့် ရေကူးကန်စုစုပေါင်း ၈၄၇ ခုရှိပါတယ်။ မီတာ ၄၀၀ ပြေးလမ်းပါဘောလုံးကွင်းစုစုပေါင်း ၂၂၈ ကွင်းရှိပါတယ်။ ရိုးရိုးဘောလုံးကွင်း ၂၂၅ ပေ x ၃၅၄ ပေက စုစုပေါင်း ၁၅၂ ကွင်း ရှိပါတယ်။ အခြားအားကစားကွင်းပေါင်း အားကစား ၁၂ မျိုးလုပ်နိုင်တဲ့ အားကစားကွင်းပေါင်းက ၁၄၄ ကွင်းရှိပါတယ်။ နောက် အားကစားမျိုး ၂၀ လုပ်နိုင်တဲ့ကွင်းပေါင်းကတော့ ၁၃၉ ရုံရှိပါတယ်။ ရေကူးကန် ကိုးကန်ရှိပါတယ်။ အားကစားလေ့ကျင့်ရေးစခန်း ခြောက်ခုရှိပါတယ်။ အားကစားနှင့်ကာယသိပ္ပံခြောက်ခုရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ်ကြီးကိုယ်စားပြုသည့် သယ်န်းကျွန်းမြို့နယ်မှာရှိတဲ့ ရပ်ကွက်သူ/ရပ်ကွက်သားများသည် ယခုပြောကြားသည့် အားကစားကွင်းအချို့မှာလည်းသွားရောက်ပြီး ကစားလို့ရပါတယ်ခင်ဗျား။ ဒီဟာကို ကျွန်တော်တမင်ကို တင်ပြတာပါ။ ကျွန်တော်တို့က သယ်န်းကျွန်းမှာနေတဲ့သူက သယ်န်းကျွန်းမှာကစားရတာမဟုတ်ပါဘူး။ သယ်န်းကျွန်းက အနီးနားမှာရှိတဲ့မြို့နယ်မှာသွားကစားလို့ရှိရင်လည်းရတယ်ဆိုတာကို ကျွန်တော်တို့တင်ပြလိုပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ လူအများအားကစားစိတ်ဓာတ်ရှိရန် လှုံ့ဆော်မှု၊ ပံ့ပိုးမှုကိုလည်း ကျွန်တော်တို့က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကပံ့ပိုးမယ်။ ဒါကိုလည်းကျွန်တော်တို့ အဖြစ်နိုင်ဆုံးလုပ်ပေးမယ်။ ပြည်သူပြည်သားအားလုံးသည် အားကစားစိတ်ဓာတ်ရှိမှု၊ အားကစားဝါသနာပါမှု၊ ကျန်းမာမှုကို ကျွန်တော်တို့က ဦးစားပေးအစီအစဉ်နဲ့ဆောင်ရွက်လျက်ရှိကြောင်း တင်ပြရင်းနိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌ။ ။ ဒီမေးခွန်းက သယ်န်းကျွန်းမဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှဝင်း မေးတဲ့မေးခွန်းဖြစ်ပါတယ်နော်။ လွှတ်တော်ဥက္ကဋ္ဌကြီး တင်ပြဆွေးနွေးတာတော့ မဟုတ်ပါဘူး။

**(၁) လွိုင်လင်မြို့ ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် မျက်စိအထူးကုဆရာဝန်ကြီးများ၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဆရာဝန်ကြီးများနှင့် ဓာတ်မှန်အထူးကုဆရာဝန်ကြီးများအား အလျင်အမြန်ခန့်အပ်တာဝန်ပေးရန်၊ (၂) အောက်စီဂျင်ပေးစက်များ (Air Sets) ရောဂါရှာဖွေရေး ပုံရိပ်ဖော်စက်(CT Screen) နှင့်ဆေးရုံသုံးပစ္စည်းများ ဖြည့်ဆည်းပေးရန်၊(၃) ဟိန်ဒုံ၊ လွယ်ကန်း၊ ပန်းလင်းကျေးရွာတို့တွင် ကျေးလက်ကျန်းမားရေးဌာနခွဲဆောက်လုပ်ပေးရန်၊(၄) ထီအုံးနောင်၊ နမ့်ခုတ်၊ ဟွေ့ဝမ်ရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ(၁)ခုတို့ကို တိုးချဲ့ဖွင့်လှစ်ခွင့်ပြုပေးရန်၊(၅) ပန်ဟူး ကျေးလက်ကျန်းမာရေးဌာနခွဲအတွက် ကျေးလက်ကျန်းမာရေးဝန်ထမ်းများ မည်သည့်အချိန်တွင် ခန့်အပ်တာဝန်ပေးမည်ကို သိလိုခြင်းတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှဖြာကျန်းမာချမ်းသာပါစေကြောင်း မေတ္တာပို့ဆုမွန်ကောင်း တောင်းရင်းနဲ့ ရှင်လန်းချမ်းမြေ့ကြပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ် ကျန်းမာရေးဌာနနှင့်သက်ဆိုင်တဲ့ကိစ္စများကို တင်ပြ မေးမြန်းပါ့မယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးအပြီးတွင် လည်းကောင်း၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးအပြီးတွင်လည်းကောင်း မိမိမဲဆန္ဒနယ်ရှိ မဲဆန္ဒရှင်မိဘပြည်သူများနှင့် တွေ့ဆုံခဲ့ပြီး လွိုင်လင်မြို့ ခုတင် ၂၀၀ ဆံ့ အထွေထွေ ရောဂါကုဆေးရုံကြီးသို့ ရောက်ရှိခဲ့ပါတယ်။ လွိုင်လင်မြို့ ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံ ကြီးတွင် မျက်စိအထူးကုဆရာဝန်ကြီးများ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီးများ ပြောင်းရွှေ့သွားပြီး လစ်လပ်လျက်ရှိရာ ဒေသခံလူနာများမှာ တောင်ကြီးမြို့သို့ သွားရောက်ပြီး ဆေးဝါး

ကုသမှုခံယူနေရကြောင်းနှင့် ခါတ်မှန်အထူးကုဆရာဝန်ကြီးများလည်း လိုအပ်လျက်ရှိကြောင်း တင်ပြလာပါတယ်။ ဒီကိစ္စကို လွှတ်တော်ကို တင်ပြအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသည် လွိုင်လင်ခရိုင်အတွင်းရှိ လွိုင်လင်၊ ပင်လုံ၊ လဲချား၊ မိုင်းကိုင်၊ ကျေးသီး၊ မိုင်းရှူး၊ ကွန်ဟိန်း၊ နမ့်စန် မြို့နယ်များနှင့် လင်းခေးခရိုင်အတွင်းရှိ မိုးနဲ၊ လင်းခေး၊ မောက်မယ်၊ မိုင်းပန်မြို့နယ်တို့မှ ရောဂါဝေဒနာရှင်များက ခံစားနေရသည့် မိဘပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အထွေထွေရောဂါကုဆေးရုံကြီးတွင် အောက်စီဂျင်ပေးစက်များ လိုအပ်လျက်ရှိပါတယ်။ ရောဂါရှာဖွေရေး ပုံရိပ်ဖော်စက်(CT Screen) လိုအပ်လျက်ရှိကြောင်းလည်း တင်ပြလာပါတယ်။ လွိုင်လင်မြို့ ပတ်ဝန်းကျင်ကျေးရွာအုပ်စုများမှ မဲဆန္ဒရှင်မိဘပြည်သူများမှလည်း ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံများမှာ ကျေးရွာများမှ ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ပေးထားခဲ့ပြီး ဟောင်းနွမ်းယိုယွင်းနေပါသဖြင့် ပြုပြင်အသစ်ဆောက်လုပ်ပေးနိုင်ရန်နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ်များကို ဖွင့်လှစ်ပေးနိုင်ပါရန် တင်ပြလာပါတယ်။

သို့ဖြစ်ပါ၍ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာ ကျန်းမာရေးဌာနသို့ အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် လိုအပ်လျက်ရှိသည့် မျက်စိအထူးကုဆရာဝန်ကြီးများ၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆရာဝန်ကြီးများနှင့် ဓာတ်မှန်အထူးကုဆရာဝန်ကြီးများအား အလျင်အမြန်ခန့်အပ်တာဝန်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် တာဝန်ပေးမည်နည်း။ အစီအစဉ်မရှိပါက အဘယ်ကြောင့်နည်း။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့ ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် လိုအပ်လျက်ရှိသည့် အောက်စီဂျင်ပေးစက်များနှင့်ရောဂါရှာဖွေရေး ပုံရိပ်ဖော်စက်(CT Screen)နှင့် အခြားသောဆေးရုံသုံးပစ္စည်းများ ဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဖြည့်ဆည်းပေးမည်ကို သိလိုပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ် ပင်လုံမြို့ ဆဟောင်းကျေးရွာအုပ်စု ဟိန်ဒုံကျေးရွာ နောင်တော်(၁) ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းအဆောက်အအုံသစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ ဆဟောင်းကျေးရွာအုပ်စု လွယ်ကန်ရွာကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းအဆောက်အအုံသစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ နမ်သမိုကျေးရွာ

**မူကြမ်း**

အုပ်စု ပန်းလင်းကျေးရွာကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းနှင့် အဆောက်အအုံအသစ် ဆောက်လုပ်ပေးရန်အစီအစဉ် ရှိ/မရှိမေးမြန်းအပ်ပါတယ်။ လှိုင်လင်မြို့ ပတ်ဝန်းကျင်ကျေးရွာအုပ်စု များတွင်နေထိုင်ကြတဲ့ ဒေသခံတိုင်းရင်းသား မိဘပြည်သူများကို ကျေးရွာနှင့်အနီးကပ် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရန် ကျန်းမာရေးဌာနခွဲအသစ်များဖွင့်လှစ်ခွင့်ပြုပေးပါရန်ဟွေတောက်ကျေးရွာအုပ်စု ထီအိုးနောင်ရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု၊ တန့်အယ် ကျေးရွာအုပ်စု နမ့်ခုတ်ရွာ(ကုန်းကျောင်းရွာ) ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု၊ ဆနင်းကျေးရွာ အုပ်စု ဟွေ့ဝမ်ရွာကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုတို့ကို တိုးချဲ့ဖွင့်လှစ်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ သိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဖွင့်လှစ်ခွင့်ပြုပါမည်နည်း။ နားတစ်ကျေးရွာ အုပ်စု ပန်ဟူးကျေးလက်ကျန်းမာရေးဌာနခွဲအတွက် ကျေးလက်ကျန်းမာရေးဝန်ထမ်းများ မည်သည့် အချိန်တွင် ခန့်အပ်တာဝန်ပေးမည်ကို သိရှိလိုပါ၍ ဒေသခံမိဘပြည်သူများ၏ကိုယ်စား ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာကျန်းမာရေးဌာနကို မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်မာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီမေးခွန်း က တော်တော်များတဲ့အတွက် ငါးမိနစ်တော့ ကျော်မယ်ဖြစ်ပါတယ်။ ကျွန်တော်လည်း အသေးစိတ်ပြန် ဖြေပါမယ်ခင်ဗျား။ ဒီတော့ ပထမဆုံးမေးခွန်းဖြစ်တဲ့ ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှာ လစ်လပ်လျက်ရှိသော မျက်စိအထူးကုဆရာဝန်၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်နှင့် ခွတ်မှန်အထူးကုဆရာဝန်ကြီးများအမြန်ခန့်ရေးကိစ္စနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့ မနေ့က EC ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ အစည်းအဝေးမှာ ဆုံးဖြတ်ပြီးတော့ တာဝန်ချထားလိုက်ပါပြီ။ ဒီဆရာဝန်ကြီးသုံးယောက်သည် ၂၁ ရက်အတွင်း ရောက်ရှိမည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ သို့သော်လည်း ဤနေရာမှာ ဒီလို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောလိုတာကတော့ ဤကဲ့သို့ အထူးကုဆရာဝန်ကြီးများ၊

ဆရာဝန်များ၊ သူနာပြုနှင့်ဝန်ထမ်းများဟာ မိမိ၏ဆေးရုံ၌ မရှိသည့်ကိစ္စကို အကြောင်းကြားရမည့် အဓိကတာဝန်ကတော့ ဆေးရုံအုပ်ကြီးပဲ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေ နဲ့က ဒီသက်ဆိုင်ရာ ဆေးရုံအုပ်ကြီးသည် ပြည်နယ်ကုသရေးဦးစီးဌာနမှူးမှတစ်ဆင့် သို့မဟုတ် တိုင်းကုသရေး ဦးစီးဌာနမှတစ်ဆင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ကိုပေးရမှာ တာဝန်ရှိပါတယ်။ ဒါမှသာလျှင် ဗဟိုကသိမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဗဟိုကနေပြီးတော့ အချိန်နှင့်တစ်ပြေးညီ အကုန်လိုက်ကြည့်သော်ငြားလည်း မြန်မာနိုင်ငံမှာ ဆေးရုံပေါင်း ၁၁၂၃ ရုံးရှိသဖြင့် အားလုံးကို ချက်ချင်းသိဖို့က သိပ်မလွယ်ပါဘူးခင်ဗျား။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့မှာ သက်ဆိုင်ရာ HRH – Computerize System က အခုမှစပြီး ကျွန်တော်ရောက်တဲ့အချိန်ကျမှ စလုပ်နေပါတယ်။ ဆိုလိုတာက Computerize System လုပ်ထားပြီးတဲ့အခါမှာ ခလုပ်နှိပ်လိုက်ရင် နှလုံးအထူးကု ဆရာဝန်ကြီး ဘယ်တိုင်းနှင့်ပြည်နယ်၊ ဘယ်ဆေးရုံမှာရှိသလဲ။ နှလုံးအထူးကုဆရာဝန်ကြီးသည် နောက်နှစ်မှာ ဘယ်နှစ်ယောက် ပင်စင်သွားမလဲ။ နောက်နှစ်မှာ နှလုံးအထူးကုဆရာဝန် ဘယ်နှစ်ယောက်ထွက်မယ်။ ဒါတွေ အကုန်သိမယ်ဖြစ်ပါတယ်။ ဒီဟာကို ကျွန်တော်တို့က Computerize System ကိုလုပ်နေတာ မကြာခင်ပြီးတော့မှာပါ။ ဒါပြီးတာဆိုရင် ကျွန်တော်တို့ ဒီလို ဘယ်မှာ လှိုင်လင်မှာပဲဖြစ်ဖြစ်၊ မိုင်းပြင်းမှာပဲဖြစ်ဖြစ် ဆရာဝန်ရှိလား၊ မရှိဘူးလား အကုန်သိနေပြီး ချက်ချင်းတာဝန်ချထားပေးလိုရပါတယ်။ ဒီကစ္စနှင့်ပတ်သက်ပြီးတော့ လောလောဆယ် ဒီ System ကြီးမထွက်လာခင်မှာတော့ အားလုံးလွှမ်းခြုံသုံးသပ်ပြီး Holistic Review ကို ကျွန်တော်တို့ လုပ်လျက် ရှိပါတယ်။

ကျွန်တော်တို့ ဒီကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်မှာ အပိုအလျှံ တော့မရှိပါဘူး။ ရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကိုလည်း ဦးစားပေးလိုက် တာဝန်ချထားတဲ့အတွက် တချို့ဆေးရုံတွေမှာ လူမရှိသေးတာ။ ဆရာဝန်မရှိသေးတာ အနည်းငယ်တော့ ကြုံလာနိုင်ပါတယ်။ လာမည့်နှစ်များကတော့ တဖြည်းဖြည်းကောင်းဖို့ ရှိပါတယ်ခင်ဗျာ။ ဒုတိယမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့ ကုတင် ၂၀၀ ဆံ့ အထွေထွေဆေးရုံကြီးမှာ လိုအပ်လျက်ရှိသော အောက်ဆီဂျင်ပေးစက်များ၊ ရောဂါရှာဖွေရေးပုံရိပ် (CT Screen) နဲ့ အခြားဆေးရုံးသုံးပစ္စည်းများ ဖြန့်ဖြူးပေးရန်ကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ပြောချင်တာက ဆေးရုံကြီးမှာ လိုအပ်နေတဲ့ ဆေးနှင့်ဆေးပစ္စည်းများနှင့်ပတ်သက်၍ လိုအပ်သောဆေးရုံသုံးပစ္စည်းများကို ဆေးရုံအဆင့်အလိုက် လုပ်ငန်းလိုအပ်ချက်၊ လူနာဦးရေပေါ်မူတည်ပြီးတော့ ကျွန်တော်တို့က ဖြည့်ဆည်းဆောင်ရွက်ပေးပါ

တယ်။ ဆေးရုံသုံးပစ္စည်းလိုအပ်ပါကလည်း သတ်မှတ်သော (Indent Form) မှာ ပြည့်စုံစွာ ဖြည့်စွက်လျက် ဆေးရုံအုပ်ကြီးကတစ်ဆင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဦးစီးမှူတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်ဆီကိုပို့ရပါတယ်။ အဲဒီတော့ ဒီကိစ္စမှာလည်း ကျွန်တော်တို့အနေနဲ့ တင်ပြချင်တာ ကျွန်တော့်အနေနဲ့ ဒီနယ်တော်တော်များ များကိုရောက်တဲ့အခါမှာ ဒီ Indent System မှာ တစ်ယောက်နှင့်တစ်ယောက် မတူပါဘူး။ မြန်တဲ့နေရာမြန်၊ နှေးတဲ့နှေးဖြစ်တော့ ဒီ Indent System တစ်ခုလုံး ဆေးတောင်းခံမှု၊ ဆေးပစ္စည်းတောင်းခံမှု Reagent တောင်းခံဖို့ Indent System တစ်ခုလုံးကို ပြန်ပြီးတော့ Review လုပ်ဖို့ တာဝန်ပေးထားပါတယ်။ ဒါထွက်လာလို့ရှိရင် ကျွန်တော်တို့အနေနဲ့ Indent System အမြန်ဆုံး၊ အလွယ်ကူဆုံး System ဖြစ်အောင် လုပ်မှာပါ။ ဘာဖြစ်လို့လဲဆိုတော့ Indent System မကောင်းလို့ရှိရင် ခုနကပြောတဲ့ လွိုင်လင်ကတောင်းတဲ့ Indent က ဒီနေ့တောင်းတာ။ နောက်တစ်လ၊ နှစ်လလောက်မှ ကျွန်တော်တို့ဆီရောက်လာမယ်။ အကယ်၍ ဆေးဆိုလို့ရှိရင် ဒါတော်တော်အန္တရာယ်များပါတယ်။ လူနာဆေးမရရှိတဲ့ ကိစ္စများဖြစ်နိုင်ပါတယ်။ ဤနေရာတွင် အဓိကတာဝန်ရှိပြီး အထက်ကိုအကြောင်းကြားရမှာလည်း ဆေးရုံအုပ်ကြီးပဲ ဖြစ်ပါတယ်ခင်ဗျား။ ဆေးရုံအုပ်ကြီးသည် အဓိကပဲ။ သူအကြောင်းကြားမှ ကျွန်တော်တို့က ဗဟိုကလူတွေသိမယ်။ အခုတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးက တင်ပြတဲ့အတွက် ကျွန်တော် ကျေးဇူးလည်းအများကြီး တင်ပါတယ်ခင်ဗျား။ လွိုင်လင်မြို့နယ် ပြည်သူကိုယ်စား ကျွန်တော် ကျေးဇူးအများကြီးတင်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောလိုက်တဲ့အတွက် ကျွန်တော်တို့သိရတဲ့အတွက် ချက်ချင်းတာဝန်ချထားပေးလိုက်တယ်။ လူလည်းရှိတဲ့အတွက် ချက်ချင်းတာဝန်ချထားခြင်းဖြစ်ပါတယ်။ ဒီလွိုင်လင်မြို့ ပြည်သူ့ဆေးရုံကြီးတွင် 100 MA X Ray Machine-1 Unit နှင့် 16 Slices CT Scan-1 Unit အပါအဝင် တင်ပြတောင်းခံခဲ့တဲ့ ဆေးရုံသုံးပစ္စည်း စုစုပေါင်း ၁၉ မျိုးကို ၂၀၁၅-၂၀၁၆ အတွင်းထောက်ပံ့ပေးခဲ့ပါတယ်။ ဒီပစ္စည်းများအနက် CT Scan စက်အားတပ်ဆင်နိုင်ရေးအတွက်လည်း ရန်ကုန်ဗဟိုဆေးသိုလှောင်ရေးက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အခြားလိုအပ်၍ တင်ပြတောင်းခံလာသော ဆေးရုံသုံးပစ္စည်းများရှိကလည်း စိစစ်၍ ထောက်ပံ့ပေးမည်ဖြစ်ပါတယ်။ ဒုတိယအပိုင်းဖြစ်တဲ့ အောက်စီဂျင်ပေးစက် (Air Sets) များနှင့် ပတ်သက်၍လည်း ဗဟိုဆေးသိုလှောင်ရေးဌာနကို မနေ့ကပဲ တယ်လီဖုန်းနဲ့ပြောပြီးပါပြီ။ ပစ္စည်းလည်းရှိပါတယ်။ အချိန်မရွေးလာထုတ်လို့ရပါတယ်ခင်ဗျား။

တတိယမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့ ဆဟောင်းကျေးရွာအုပ်စု ဟိန်ဒုံကျေးရွာ နောင်တော်(၁) ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းအဆောက်

အဩိုသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ဆဟောင်းကျေးရွာအုပ်စု လွယ်ကန်းရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းအဆောက်အဦသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ။ နမ်သမိ ကျေးရွာအုပ်စု၊ ပန်လင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းအဆောက်အဦအသစ် ဆောက်လုပ်ခြင်း အစီအစဉ်နှင့်ပတ်သက်ပြီးတော့ ပထမဆုံး ကျွန်တော်တို့ ကြည့်တဲ့အခါမှာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့မှာ ကျေးလက်ကျန်းမာရေးဌာနက လေးခုရှိပါတယ်။ ကျေးလက်ကျန်းမာရေးခွဲ ၁၆ ခုရှိပါတယ်။ မိခင်နှင့်ကလေးကျန်းမာရေးဌာန သုံးခုရှိပါတယ်။ ကျောင်းကျန်းမာရေးဌာနတစ်ခုရှိပါတယ်။ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများမှာ လက်ထောက်ကျန်းမာရေးမှူး နှစ်ဦး၊ သူနာပြုနှစ်ဦး၊ ကျန်းမာရေးဆရာမခုနစ်ဦး၊ သားဖွားဆရာမ ၂၅ ဦး၊ ကျန်းမာရေးကြီးကြပ်(၁) သုံးဦး၊ ကျန်းမာရေးကြီးကြပ်(၂) ၁၆ ဦးဖြင့် လွိုင်လင်မြို့နယ်ရှိ စုစုပေါင်း လူဦးရေ ၅၂၇၇၀ ကျော်တို့အား ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ပင်လုံမြို့မှာ ဆဟောင်းကျေးရွာအုပ်စု၊ လွယ်ကန်းကျေးရွာနှင့် နမ်သမိကျေးရွာအုပ်စု၊ ပန်လင်းကျေးရွာများ၌ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦအသစ် ဆောက်လုပ်နိုင်ဖို့အတွက်ကတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ နှစ်စဉ်စီမံကိန်းများမှ ရန်ပုံငွေရရှိရေးအတွက် ဦးစားပေးအစီအစဉ်ဖြင့် တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားအပ်ပါတယ်။ ကျေးလက်ကျန်းမာရေးဌာနအသစ်တစ်ခု ဖွင့်မယ်ဆိုရင် တောင်းရတာတော့ လွယ်ပါတယ်။ အကယ်၍ ကျေးလက်ကျန်းမာရေးဌာနခွဲလေးတစ်ခုပဲ ဖွင့်မယ်ဆိုရင် စံကိုက်အဆောက်အဦအတွက် ကျွန်တော်တို့ ၆၃ သန်းကျပါတယ်။ ပရိဘောဂပစ္စည်းကုန်ကျဖို့အတွက် ၄.၉ သန်းဖြစ်ပါတယ်။ စုစုပေါင်း ၆၇.၉ သန်းကျတယ်ဆိုတာလည်း ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအား တင်ပြလိုပါတယ်။ မိမိတို့အနေနဲ့ကတော့ နိုင်ငံတော်ကချမှတ်ပေးတဲ့ ငွေပမာဏပေါ်မူတည်ပြီး ဒါတွေကို လိုအပ်ချက်အရ ကျွန်တော်တို့ ပံ့ပိုးပေးမှာဖြစ်ပါတယ်။

မေးခွန်း(ဃ)ဖြစ်တဲ့ လွိုင်လင်မြို့နယ် ပတ်ဝန်းကျင်ကျေးရွာအုပ်စုများတွင်နေထိုင်သည့် ဒေသခံတိုင်းရင်းသား မိဘပြည်သူများကို ကျေးရွာနှင့်အနီးကပ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကျန်းမာရေးဌာနခွဲများ အသစ်ဖွင့်လှစ်ခွင့်ပြုပေးပါရန် ပေွတောက်ကျေးရွာအုပ်စု ထီအုံးနောင်ရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု၊ တန့်အယ်ကျေးရွာအုပ်စု နမ့်ခုတ်ရွာ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု၊ ဆနင်းကျေးရွာအုပ်စု ပေွ့ဝမ်ရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ခု စုစုပေါင်းသုံးခု တိုးချဲ့ဖွင့်လှစ်ရန်ကိစ္စနှင့်ပတ်သက်၍တော့ ထီအုံးနောင်ကျေးရွာသည် ခုတင်

၂၀၀ ဆံ့ မြို့နယ်ဆေးရုံနှင့် ၁၈ မိုင် ကွာဝေးပါတယ်။ ခေါင်းနွဲ့ကျေးလက်ကျန်းမားရေးဌာန Rural Health Center အပါအဝင် ကျေးလက်ကျန်းမာရေးဌာန ဖွင့်မယ်ဆိုရင်တော့ အိမ်ခြေ ၅၁၄ အိမ်၊ လူဦးရေ ၂၈၃၀ တို့ကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုလွှမ်းခြုံနိုင်မှာဖြစ်ပါတယ်။ အဆောက်အဦ ဆောက်လုပ်မည့်မြေဖြစ်တဲ့ ၉၀ ပေ x ၆၀ ပေလည်းရှိပါတယ်။ နမ့်ခုတ်ကျေးရွာသည် ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံ နှင့် ၁၈ မိုင်ကွာဝေးပြီး ပင်လုံကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးရွာအုပ်စုတွင် ပါဝင်ပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ခွင့်ရရှိမယ်ဆိုရင် ကျေးရွာ ၁၂ ရွာ၊ အိမ်ခြေ ၄၃၆ အိမ်၊ လူဦးရေ ၂၅၄၅ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်လွှမ်းခြုံမှုပေးနိုင်မှာဖြစ်ပါတယ်။ အဆောက်အဦ ဆောက်လုပ်တဲ့မြေဧက အကျယ်အဝန်း ပေ ၉၀ x ၆၀ ပေလည်းရှိပါတယ်။

ထို့ပြင် နောက်တတိယပိုင်းဖြစ်တဲ့ ဟွေ့ဝမ်ကျေးရွာကလည်း ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံနဲ့ ၄၂ မိုင်ဝေးပါတယ်။ နောင်လိုင်ကျေးရွာအုပ်စု ကျန်းမာရေးဌာနခွဲမှာပါဝင်ပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲများ ဖွင့်လှစ်မယ်ဆိုရင်တော့ ကျေးရွာ ၁၀ ရွာ၊ အိမ်ခြေ ၃၇၆ အိမ်၊ လူဦးရေ ၁၉၀၆ ယောက်တို့ကို ကျန်းမာရေးလွှမ်းခြုံမှုပေးနိုင်မှာဖြစ်ပါတယ်။ အဆောက်အဦဆောက်လုပ်ရန် မြေနေရာလည်းရှိပါတယ်။ သို့အတွက် ဒီ ကျေးလက်ကျန်းမာရေးသုံးခု ထီအုံးနောင်ကျေးရွာအုပ်စု၊ နမ့်ခုတ်၊ ဟွေ့ဝမ်ကျေးရွာအုပ်စုတို့အတွက် ဆောက်ဖို့ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းပုံ ခွင့်ပြုမိန့်ရရှိရေးအတွက် ဆောင်ရွက်ပေးပါမည်ဖြစ်ကြောင်းလည်း ပြောကြားလိုပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲများအဖြစ် အသစ်တိုးချဲ့ဖွင့်လှစ်ခွင့်ရပါက ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုအတွက် ဝန်ထမ်းကနှစ်ဦးလိုပါတယ်။ တစ်နှစ်လျှင် လစာနှင့်စရိတ် (ဝတ်စုံအပါအဝင်) ၃.၆ သန်း ဆေးဝါးပစ္စည်းဝယ်ယူရန် ၀.၄၅ သန်း စသည်တို့ကိုလည်း ၂၀၁၇-၂၀၁၈ ခုနှစ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဖြည့်စွက်ရန်ပုံငွေမှ ကျခံသုံးစွဲမည်ဖြစ်ကြောင်းလည်း ပြောကြားလိုပါတယ်။ ဒီခုနက ကျွန်တော်တို့ တင်ပြတဲ့အတိုင်း ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု ဖွင့်မယ်ဆိုရင်တော့ ၆၇.၉ သန်း လိုအပ်ကြောင်းလည်း ထပ်မံပြောကြားရင်းနဲ့ ကျွန်တော်ဒီလောက်ပဲပြောချင်ပါတယ်။ နိဂုံးချုပ်ပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်ခင်ဗျား။

နောက်ဆုံးမေးခွန်းဖြစ်တဲ့ နားတစ်ကျေးရွာအုပ်စု၊ ဟန်ဟူးကျေးလက်ကျန်းမာရေးဌာနခွဲအတွက် ကျေးလက်ကျန်းမာရေးဝန်ထမ်း မည်သည့်အချိန်တွင် ခန့်အပ်ပေးမည်ကို သိလိုတဲ့ ရှမ်းပြည်နယ် လွိုင်လင်မြို့နယ် နားတစ်ကျေးရွာအုပ်စု ပန်ဟူးကျေးရွာသည် နောင်လိုင်ကျေးလက်ကျန်းမာရေးဌာန ပိုင်နယ်မြေတွင်ပါဝင်သော ရွာဖြစ်ပြီး အိမ်ခြေ ၇၉ အိမ်၊ လူဦးရေ ၃၁၅ ဦး နေထိုင်လျက်ရှိပါသည်။

နားတစ်ကျေးရွာအုပ်စု၊ ပန်ဟူးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်ဖို့အတွက်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ဆောင်ရွက်ပေးမည်ဖြစ်ပါတယ်။ လက်ရှိအခြေအနေတွင် ၁၂ မိုင်ကျော် ကွာဝေးတဲ့ နောင်လိုင်ကျေးလက်ကျန်းမာရေးဌာနမှ လက်ထောက်ကျန်းမာရေးမှူး အမျိုးသမီး ကျန်းမာရေးဆရာမ သားဖွာဆရာမတို့မှာ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိကြောင်းနှင့် ပန်ဟူးကျေးလက်ကျန်းမာရေးဌာနခွဲအသစ် ဖွင့်မည်ဆိုပါက ကျွန်တော်တို့ သားဖွားဆရာမတစ်ဦးနှင့် ကြီးကြပ်(၂)တစ်ဦးလည်း ခန့်ထားပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီး ဆွေးနွေးသွားသလိုပဲ။ မေးခွန်းက အလွန်များပါတယ်။ မေးခွန်းကို ကြည့်လိုက်တဲ့အခါကျတော့ ကိုယ်စားလှယ်ကြီးမေးထားတာ မေးခွန်းငါးခု။ ငါးခုမှာ မေးခွန်း(၁)နဲ့ (၂)က လွိုင်လင်မြို့ ခုတင် ၂၀၀ ဆံ့ဆေးရုံမှာ မျက်စိအထူးကု၊ နား၊ နှာခေါင်း၊ လည်ခေါင်းအထူးကု၊ ဓာတ်မှန်အထူးကု လိုအပ်လို့ မေးထားတဲ့နံပါတ်(၁)။ နံပါတ်(၂)က အောက်ဆီဂျင်ပေးစက်တွေ၊ နောက်တစ်ခါ ပုံရိပ်ဖော်စက်တွေ လိုအပ်လို့။ ဒါက လွိုင်လင်မြို့ရဲ့ ခုတင် ၂၀၀ ဆံ့ဆေးရုံမှာနဲ့ ဆက်စပ်တော့ (၁)နဲ့ (၂)နဲ့က ပေါင်းလို့ရသေးတယ်။ မေးခွန်းအနေနဲ့ ပြောမယ် ဆိုရင် တစ်ခုလို့ပြောလို့ရသေးတယ်။ ကျန်တဲ့ ဟိန်ဒုံ၊ လွယ်ကန်း၊ ပန်းလင်းကျေးလက်ကျန်းမာရေးဌာန ခွဲဆောက်လုပ်ဖို့ဆိုတာတစ်ခု၊ နောက်တစ်ခါ ထီအုံးနောင်၊ နမ့်ခုတ်၊ ဟွေ့ဝမ်ရွာကျေးလက်ကျန်းမာရေး ဌာနခွဲဆောက်ဖို့ဆိုပြီးတော့ တစ်ခု၊ နောက်တစ်ခုက ပန်ဟူးကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်ဖို့ ဆိုပြီး တစ်ခုမေးခွန်းသုံးခုဖြစ်နေတယ်။ အဲဒီတော့ မေးခွန်းက အားလုံးပေါင်းငါးခုဆိုပေမဲ့ တကယ် ပြောရင် မေးခွန်းတစ်ခုတည်းပြောပေမဲ့ တကယ်က မေးခွန်းက အနည်းဆုံးလေးခုလို ဖြစ်နေတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းနှင့်ပတ်သက်ပြီး လွှတ်တော်ကို အသိပေးချင်ပါတယ်။ မေးခွန်းနဲ့ စပ်လျဉ်းတဲ့ စည်းကမ်းချက်ရှိပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၁ နည်းဥပဒေခွဲ(က)မှာ အကြောင်းကိစ္စတစ်စုံတစ်ခုကို သိလို၍ စုံစမ်းမေးမြန်းသောမေးခွန်းဖြစ်ရမည်လို့ ဖော်ပြထားပါတယ်။ ဒါပေမဲ့ ကိုယ်စားလှယ်က မေးခွန်းတစ်စောင်တည်းမှာ ၎င်းသိရှိလိုတဲ့ အကြောင်း ကိစ္စများစွာကို ထည့်သွင်းဖော်ပြထားတာ ကျွန်တော်တို့ တွေ့ရှိရပါတယ်။ အကြောင်းအရာမတူတဲ့ ကိစ္စများအား မေးခွန်းတစ်စောင်တည်းဖြင့် စုပေါင်းမေးမြန်းတဲ့သဘောရှိပါတယ်။ မေးခွန်းနဲ့စပ်လျဉ်း တဲ့ကန့်သတ်ချက်မှာ ကျွန်တော်တို့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၀ နည်းဥပဒေခွဲ(ဈ)မှာရှိပါတယ်။ ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်အစည်းအဝေးတစ်ရပ်အတွင်း

ကြယ်ပွင့်ပြထားသောမေးခွန်းငါးခုထက်ပို၍ မေးမြန်းခြင်းမပြုရ။ ဒီလိုသတ်မှတ်ထားပါတယ်။ ဒါကြောင့်မို့လို့ ကြယ်ပွင့်ပြမေးခွန်းများများမေးလိုတဲ့ ကိုယ်စားလှယ်က မေးခွန်းတစ်ခုတည်းမှာ အကြောင်းများစွာကို ထည့်သွင်းမေးမြန်းနေတဲ့ သဘောသက်ရောက်နေပါတယ်။ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ မိမိတို့လိုက်နာကျင့်သုံးရမယ့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို သေချာစွာ နားလည်သဘောပေါက်ရန်လည်း လိုအပ်ပါတယ်။ နောင်အခါ မေးခွန်းများ တင်သွင်းမယ်ဆိုရင် မိမိသိရှိလိုတဲ့အကြောင်းကိစ္စတစ်ရပ်ကိုသာ ရှင်းလင်းစွာရေးသားဖော်ပြရန် လွှတ်တော်ကို အသိပေးအပ်ပါတယ်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာန လက်အောက်တွင် တာဝန်ထမ်းဆောင်နေကြသော ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲကျွမ်းကျင်များ၏ ရာထူးတိုးမြှင့်ခြင်းဆိုင်ရာကိစ္စများကို မည်ကဲ့သို့သော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများထားရှိသည်ကိုသိလိုကြောင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘိုကလေးမဲဆန္ဒနယ်မှ ဦးမင်းသိုင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမင်းသိုင်း(ဘိုကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ဘိုကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိုင်းဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှာရှိတဲ့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနလက်အောက်မှာ တာဝန်ထမ်းဆောင်နေကြသော ဆေးဘက်ဆိုင်ရာဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်းများရဲ့ ရာထူးတိုးမြှင့်ခြင်းဆိုင်ရာကိစ္စရပ်များကို မည်ကဲ့သို့သောနည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနဲ့ထားရှိလိုတာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ဒီမေးခွန်းဖြစ်ပေါ်ရတဲ့အကြောင်းအရင်းကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှာရှိတဲ့ ကုသရေးဦးစီးဌာနလက်အောက်မှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဆေးဘက်ဆိုင်ရာဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်းများ ခန့်ထားမှုကို ပထမဦးဆုံးတင်ပြလိုပါတယ်။ ယခင်တုန်းက အခြေခံပညာအလယ်တန်းစာမေးပွဲလို့ခေါ်တဲ့ (၈)တန်းစာမေးပွဲကိုအောင်မြင်ပြီးတဲ့သူတွေဟာ အရည်အချင်းစစ်စာမေးပွဲကိုဖြေဆိုစေပြီးတော့ အဲဒီအရည်အချင်းစစ်စာမေးပွဲကို အောင်မြင်ပြီးတဲ့သူတွေဟာ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှာ၊ ရန်ကုန်မှာ တစ်နှစ်သင်တန်းတက်ပြီးတော့

အဲဒီသင်တန်းက အောင်မြင်တဲ့သူများကို ခေတ်ခွဲကျွမ်းကျင်အဆင့်(၄)ဆိုပြီးတော့ ခန့်ထားပါတယ်။ အဲဒီခေတ်ခွဲကျွမ်းကျင်အဆင့်(၄)တွေဟာ လုပ်သက်သုံးနှစ်ရှိလာတဲ့အခါမှာ ဝင်ခွင့်စာမေးပွဲ၊ အရည်အချင်းစစ်စာမေးပွဲကို ထပ်မံဖြေဆိုပြီးတော့မှ အမျိုးသားကျန်းမာရေးခေတ်ခွဲမှုဆိုင်ရာဌာနမှာ စာတွေ့၊ လက်တွေ့ နှစ်နှစ်သင်တန်းတက်ပြီးတဲ့အခါမှာ သင်တန်းကဆင်းပြီးတော့ အောင်မြင်တဲ့အခါမှာ ခေတ်ခွဲကျွမ်းကျင်အဆင့်(၄)ဆိုပြီးတော့မှ ကုသရေးဌာနမှာခန့်ထားပါတယ်။ ဒါပေမဲ့ ယခုအခါမှာတော့ တက္ကသိုလ်ဝင်တန်းလို့ခေါ်တဲ့ (၁၀)တန်းစာမေးပွဲကို အောင်မြင်ပြီးမှသာလျှင် ဒီရာထူးကို ခေါ်ပါတယ်။ အဲဒီတော့ ဝင်ခွင့်စာမေးပွဲကို ဖြေဆိုစေတယ်။ အဲဒီစာမေးပွဲအောင်မြင်တဲ့သူများကို အမျိုးသားကျန်းမာရေးခေတ်ခွဲမှုဆိုင်ရာဌာနမှာ စာတွေ့လက်တွေ့နှစ်နှစ်သင်တန်းတက်ပြီးတော့မှ အဲဒီသင်တန်းကဆင်းပြီး အောင်မြင်တဲ့သူများကို ခေတ်ခွဲကျွမ်းကျင်အဆင့်(၃)အဖြစ် ကုသရေးဦးစီးဌာနတွေမှာ ခန့်ထားပါတယ်။ အဲဒီတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှာ ခေတ်ခွဲကျွမ်းကျင်အဆင့်(၃)တွေဟာ ယခုအခါမှာ ရာထူးတိုးပေးမှု မရှိတာကြာမြင့်ပြီဖြစ်ပါတယ်။ ရှေးယခင်ကတော့ ရာထူးတိုးပေးမှုရှိခဲ့ဖူးပါတယ်။ ညွှန်ကြားရေးမှူး(ခေတ်ခွဲ)ဒေါက်တာကိုကြီးလက်ထက်မှာတစ်ကြိမ်၊ ညွှန်ကြားရေးမှူး(ခေတ်ခွဲ)ဒေါက်တာဦးစိုးမြတ်ထွန်းလက်ထက်မှာတစ်ကြိမ်၊ ညွှန်ကြားရေးမှူး(ခေတ်ခွဲ) ဒေါက်တာဦးတင်ညွှန့်လက်ထက်မှာတစ်ကြိမ်။ အဲဒီညွှန်ကြားရေးမှူးများလက်ထက်မှာ သုံးကြိမ်ရာထူးတိုးပေးမှုရှိပါတယ်။ သို့သော် ယခုအခါမှာ ခေတ်ခွဲကျွမ်းကျင်(၄)များကို ရာထူးတိုးပေးမှုမရှိတော့ပါဘူး။ အဲဒီတော့ယခုအခါမှာ ရာထူးတိုးမှုဟာ ရပ်ဆိုင်းနေသလိုဖြစ်နေပါတယ်။ အဲဒီတော့ ရာထူးတစ်ခုထဲမှာ ဝန်ထမ်းတစ်ယောက်ဟာ ရှေ့လည်းမတိုး၊ ရာထူးတိုးမြှင့်ပေးမှုလည်းမရှိ သူ့မှာမျှော်လင့်ချက်ရောင်ခြည်မရှိတဲ့အခါမှာ ဝန်ထမ်းတွေဟာ မည်ကဲ့သို့ ဆက်လက်ပြီးတော့မှ ဆောင်ရွက်ရမှန်းမသိဘူးဖြစ်နေပါတယ်။ ခုနတုန်းက တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ပြီးသူများဖြစ်တဲ့အလျောက် ဒီခေတ်ခွဲကျွမ်းကျင်(၃)တွေဟာ အခြားအခြားသောစာပေးစာယူဘွဲ့တွေကို ယူပြီးတော့မှ သိပ္ပံရပ်ဆိုင်ရာဘွဲ့တွေ၊ ဝိဇ္ဇာရပ်ဆိုင်ရာဘွဲ့တွေကို ရရှိပြီးသူများလည်း ဖြစ်ပါတယ်။ ထို့အတူ ဌာနဆိုင်ရာကပေးတဲ့ သင်တန်းအသီးသီး၊ နိုင်ငံခြားမှလာရောက်ပေးတဲ့ သင်တန်းအသီးသီးကိုလည်းပဲ တက်ပြီးသူများ၊ အရည်အသွေးပြည့်ဝသူများလည်း ဖြစ်ပါတယ်။ သို့ဖြစ်လင့်ကစား ဒီခေတ်ခွဲကျွမ်းကျင်(၃)တွေဟာ မျှော်လင့်ချက်ရောင်ခြည်ကင်းမဲ့သလိုဖြစ်နေပါတယ်။ ဒီနေရာမှာ ကြားဖြတ်တင်ပြလိုတာက အမျိုးသားကျန်းမာရေးခေတ်ခွဲမှုဆိုင်ရာဌာနမှာ သင်တန်းတက်ဖော်တက်ဖက်အချင်းချင်း။ ဒါပေမဲ့ သူက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ ဆေးသုတေသနဦးစီးဌာနကို ဝင်ရောက်သွားတဲ့

ခေတ်ခွဲကျွမ်းကျင်များ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနကို ဝင်ရောက်သွားတဲ့ ခေတ်ခွဲကျွမ်းကျင်များကျတော့ ခေတ်ခွဲကျွမ်းကျင်အဆင့်(၃)၊ ၎င်းမှတစ်ဆင့်ခေတ်ခွဲကျွမ်းကျင်အဆင့် (၂)၊ ၎င်းမှတစ်ဆင့် ခေတ်ခွဲကျွမ်းကျင်အဆင့်(၁)လို့ခေါ်တဲ့ ဦးစီးအရာရှိများအဖြစ် ရာထူးတိုးမြှင့်သွား ကြပါတယ်။ အဲဒီတော့ သင်တန်းတက်ဖော်တက်ဖက်အချင်းချင်း သူ့ကျတော့ ဌာနဆိုင်ရာကရွေးပေးတဲ့ အခါကျတော့။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိုင်း၏မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ ငါးမိနစ်ထက်တော့ အချိန်ကျော်မှာဖြစ်ပါတယ်။ ဒီမေးခွန်းသည် အလွန့်အလွန်လည်း အရေးကြီးတဲ့မေးခွန်းဖြစ်ပါတယ်။ ဒါဟာ လွှတ်တော် ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း အမှန်တရား အဲဒီလိုဖြစ်နေပါတယ်ခင်ဗျား။ ဒီကစ္စကတော်တော် လည်းရှုပ်ပါတယ်။ ကျွန်တော့်အနေနဲ့ အသေးစိတ်ဒါကိုလေ့လာပါတယ်။ ပြီးခဲ့တဲ့ နှစ်လကလည်း ဒီခေတ်ခွဲကျွမ်းကျင်ရဲ့ Association က ကျွန်တော့်ကိုလာတွေ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း အသေးစိတ် ကျွန်တော် Analysis လုပ်ထားပါတယ်။ အဲဒီတော့ ဒီမှာ ကျွန်တော် ကြည့်တဲ့အခါမှာ ခေတ်ခွဲကျွမ်းကျင်အရင်ဆုံးဝင်တာက (၄)၊ (၃)၊ (၂) ရှိပါတယ်။ (၂)ပြီးရင် ဦးစီးအရာရှိ ဖြစ်သွားပါတယ်။ အဲဒီတော့ စပြီးဝင်တဲ့၊ (၄)ကဝင်တဲ့လူတစ်ဦးသည် ၂၂ နှစ်ကြာမှသူက ဦးစီးအရာရှိ ဖြစ်မယ်ဆိုတာ ဒါကမဖြစ်သင့်ပါဘူး။ သို့သော်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့ အတိုင်း ဆေးသုတေသနနှင့် FDA ကိုရောက်သွားတဲ့လူတိုင်း Career Service Level သူတို့က အသစ်တက်တဲ့ဟာပါ။ ကျန်းမာရေးနှင့် ကုသရေးမှာရှိတဲ့သူတွေက တစ်နေပါတယ်။ ဒါတစ်ခုလုံးကို ကျွန်တော် Review လုပ်နေပါတယ်။ လုပ်လည်းလုပ်မှာပါ။ ပထမဆုံးသူတို့ကဝင်ဝင်ချင်း ခေတ်ခွဲ ကျွမ်းကျင်(၄)ဖြစ်တယ်။ သူသည် ကျွမ်းကျင်(၄)မှာ သုံးနှစ်လုပ်ရပါတယ်။ သုံးနှစ်လုပ်ပြီး တစ်ခါ နှစ်နှစ် သင်တန်းတက်ရပါတယ်။ နှစ်နှစ်သင်တန်းတက်ပြီးမှ သူ့ကိုအရည်အချင်းစစ်စာမေးပွဲအောင်မှသာ

လျှင် သူက(၃)ဖြစ်တယ်။ (၃)ကနေ (၂)ဖြစ်ဖို့ဆိုတာ တော်တော်ကြာပါတယ်။ ဘယ်လိုကြာသလဲဆို တော့ (၃)ကနေ လုပ်သက်ခုနစ်နှစ်ရှိမှသာလျှင် ပေါင်းကူးသင်တန်း(Bachelor of Medical Tech) ကို တက်လို့ရပါတယ်။ အဲဒီမှာလည်း သုံးနှစ်သွားတက်ရပါတယ်။ နှစ်နှစ်ကနေပြီးတော့ ဒုတိယနှစ်မှ စတက်တယ်ဆိုသော်လည်း လုပ်သက်ခုနစ်နှစ်နှင့် သင်တန်းသုံးနှစ်ပေါင်းရင် သူသည် ၁၀ နှစ်ကြာမှ သာလျှင် ဓာတ်ခွဲကျွမ်းကျင်(၂)ဖြစ်ပါတယ်။ ဒါကတော့ မဖြစ်သင့်တဲ့ကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့ အနေနဲ့ ဒီလုပ်သက်ခုနစ်နှစ်ကို လျှော့မှာပါ။ သေချာပေါက်ကျွန်တော်တို့လျှော့ပေးပါမယ်။ နောက် ဓာတ်ခွဲ ကျွမ်းကျင်(၂)ကနေပြီးတော့ ဦးစီးအရာရှိဖြစ်ဖို့ဆိုတာ အလွန်ကြာပါတယ်။ ခုနစ်နှစ်အနည်းဆုံး လုပ်ရပါတယ်။ ဒီကိစ္စတွေ အကုန်လုံးက ဒါတကယ့်တကယ်ကတော့ ဒီလိုလုပ်လို့ရှိရင် ဒီဓာတ်ခွဲ ကျွမ်းကျင်ဝင်တဲ့လိုင်းကလူတွေက စိတ်ဓာတ်ကျပြီးတော့ အလုပ်မှာလည်းအများကြီးထိခိုက်နိုင်တဲ့ အတွက် ဒီကိစ္စကို ချိုင့်ပြီးပဲဖြေပါမယ်။ အသေးစိတ်ဖြေရင် ဒီကိစ္စက တစ်နာရီလောက်ကျော် သွားနိုင်ပါတယ်။ ချိုင့်ပြီးဖြေလိုက်မယ်ဆိုရင် ဒီသူတို့ရဲ့ Career Ladder ကိုတက်နိုင်သမျှ တိုအောင် လုပ်မယ်။ ဘယ်လိုရာထူးတက်အောင်လုပ်မယ်။ ဒီကိစ္စမှာ ဓာတ်ခွဲကျွမ်းကျင်တင်မကဘူး။ သူနာပြုတွေ ကိုလည်း ကြည့်နေပါတယ်။ သားဖွားဆရာမတွေကိုလည်း ကြည့်နေပါတယ်။ ဓာတ်ခွဲ၊ ဓာတ်မှန် ဒါတွေ လည်း ဒီလေးခုကို ကြည့်နေပါတယ်။ University of Med.Tech ကထွက်တဲ့ ဝန်ထမ်းတွေကို၊ သင်တန်းအောင်တဲ့လူတွေကိုလည်း သူတို့ရဲ့ career Ladder ကိုသေချာပြန်ကြည့် နေပါတယ်။ သူတို့သည် အဓိကပါ။ ဆရာဝန်မဟုတ်ပါဘူး။ သူတို့ကောင်းကောင်းလုပ်မှသာလျှင် ကျန်းမာရေး ဝန်ကြီးဌာနရဲ့လုပ်ငန်းပီပြင်ရန်မှာ လုံးဝဖြစ်ပါတယ်။

နောက်တစ်ချက်က ဒီနေရာမှာကျွန်တော် ပြည်သူ့လွှတ်တော်ကြီးကိုတင်ပြချင်တာ ပြဿနာ တစ်ခုရှိပါတယ်။ ဒီပြဿနာကဘာလည်းဆိုတော့ ကျွန်တော်တို့ သင်တန်းပေးပြီးအောင်လာတဲ့ဓာတ်ခွဲ ကျွမ်းကျင်နဲ့ University of Med.Tech ကနေထွက်တဲ့ Bachelor of Medical Tech တို့ နှစ်ယောက်က Conflict ဖြစ်နေပါတယ်။ ဥပမာဆိုလို့ရှိရင် ဓာတ်ခွဲကျွမ်းကျင်(၃)ဝန်ထမ်းစုစုပေါင်း ၁၀၆ ဦးကနေပြီးတော့ ဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်း(၂)ရာထူးသို့ တိုးမြှင့်ပေးရန် အသနားခံစာကို၊ အမျိုးသားကျန်းမာရေးကော်မတီကို ၁၂-၇-၂၀၁၅ ကတင်ပြတယ်။ ထို့အတူပဲ နောက်တစ်လိုင်းက၊ Bachelor of Medical Tech ဘွဲ့ရတဲ့လူတွေက စုစုပေါင်း ၁၄၁ ဦးကလည်း ဓာတ်ခွဲကျွမ်းကျင် (၃)များအား ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်တက်ရောက်ခြင်းမရှိဘဲ အရည်အချင်းစစ် စာမေးပွဲဖြေဆိုပြီး တိုက်ရိုက်ရာထူးပေးရန်အစီအစဉ်ကို သူတို့ Bachelor of Medical Tech

**မူကြမ်း**

ကိုနစ်နာတဲ့အတွက် ဒါကို သူတို့က မထောက်ခံဘူးဖြစ်နေပါတယ်။ ဒီနေရာမှာဆိုလိုတာက ဒီ Medical Technology မှာ နှစ်ခုထွက်ပါတယ်။ သင်တန်းပေးပြီးလာတဲ့ Med.Tech တွေရှိပါတယ်။ ဥပမာ- University of Med.Tech ရန်ကုန်မှာ တစ်ခုရှိပါတယ်။ မန္တလေးမှာ တစ်ခုရှိပါတယ်။ သူတို့ကနေ Bachelor တွေထွက်ပါတယ်။ ဒီနှစ်ခုက နည်းနည်းလေး Conflict ဖြစ်နေပါတယ်။ ဒါကိုတော့ အဲဒီ Conflict ကိုလျှော့ဖို့ကတော့ ကျွန်တော်တို့ ဒီ Training ပေးတဲ့ Med.Tech တွေကို လျှော့ဖို့က တော့ ကျွန်တော်ခုနက တင်ပြတဲ့ အတိုင်း လုပ်သက်တွေကိုလျှော့ပြီးတော့ ရာထူးတိုးဖို့လုပ်မယ်။ (၃)ကနေ(၄)မှာလည်းလျှော့မယ်။ (၂)ကနေ (၁)ကိုလည်း ကျွန်တော်လျှော့ဖို့ရှိပါတယ်။ သို့သော်လည်း ဒီနေရာမှာ တစ်ချက်ကတော့ ဦးစီးအရာရှိ ဖြစ်ဖို့ဆိုလို့ရှိရင် ဘွဲ့ရှိဖို့လိုပါတယ်ခင်ဗျား။ ဘွဲ့ရှိဖို့ဆိုရင် Bachelor of Medical Tech ရမှပဲ ဦးစီးအရာရှိဖြစ်မယ်။ ကျွန်တော်တို့ ဒီ Training ပေးတဲ့သူက ဘွဲ့ပေးတာမဟုတ်ပါဘူး။ သင်တန်းဆင်းလက်မှတ်ပဲပေးတဲ့အတွက် ဒါကိုပေးလို့မရပါဘူး။ အဲဒီတော့ သူတို့အနေနဲ့ ဦးစီးအရာရှိ ဖြစ်ဖို့က အလားအလာလုံးဝမရှိဘူးလို့ဖြစ်နေပါတယ်။ ဒီကိစ္စလည်း ကျွန်တော်တို့ စဉ်းစားပါမယ်။ သို့သော်လည်း ဒီလိုကျွန်တော်လျှော့လိုက်တယ်။ လုပ်သက်တွေလျှော့တယ်၊ လျှော့တယ်ဆိုသော်ငြားလည်း ကျွန်တော့်အနေနဲ့ ဘာနဲ့ကိုင်ထားမလဲဆိုတော့ သူတို့ အရည်အချင်းစစ်စာမေးပွဲကိုတော့ ကျွန်တော်တို့မလျှော့ပါဘူး။ လုံးဝအရည်အချင်းပြည့်မီတဲ့သူဖြစ်မှသာလျှင် ရာထူးတိုးပေးပါမှာ။ ဒါကိုတော့ ကျွန်တော်တို့ ကိုင်ထားပါမယ်။ အရည်အချင်းစစ်ဆိုတာနဲ့ကိုင်ထားပါမယ်။

နောက်တစ်ချက်က သူတို့မှာ တက်လမ်းရှိပါတယ်ခင်ဗျား။ တက်လမ်းမရှိဘူးမဟုတ်ပါဘူး။ တက်လမ်းက ဥပမာဆိုလို့ရှိရင် သူတို့မှာ ဓာတ်ခွဲကျွမ်းကျင်(၂)ကနေ ဓာတ်ခွဲကျွမ်းကျင်(၁)အဆင့်ဆင့် ရာထူးတိုးလျက်ရှိတယ်။ သို့သော် သူတို့မှာ Master of Medical Tech လည်းတက်လို့ရတယ်။ သူတို့က လက်ထောက်ကထိက၊ တွဲဖက်ပါမောက္ခအထိကို တက်နိုင်ပါတယ်။ သူတို့တင်ပြတာက မရှိဘူး။ တက်လမ်းရှိပါတယ်။ University of Medical Technology မှာသွားမယ်ဆိုလို့ရှိရင် နောက်ဆုံး သူတို့တွဲဖက်ပါမောက္ခထိ ရောက်နိုင်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ နိဂုံးချုပ်အနေနဲ့ တင်ပြတာကတော့ ဒီမေးခွန်းကိုမေးတဲ့အတွက် အလွန်လည်းကျေးဇူးတင်ပါတယ်။ ပြည်သူ့လွှတ်တော် မှာမေးတာ ဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ အရေးတယူတာဝန်ယူပြီးတော့ ဆောင်ရွက်မယ်ဆိုတာ သိရှိတဲ့အတွက် ကျွန်တော်မကြာခင်အချိန်အတွင်းမှာပဲ ဒါတွေအကုန်လုံးကို Review လုပ်ပြီး ဘယ်လို သူတို့ရဲ့ Career Ladder သူတို့ရဲ့ရာထူးတက်လမ်းတွေကို ပြန်ပြီးတော့ အမြန်ဆုံးဖြစ်အောင်

လုပ်ခြင်းအားဖြင့် သူတို့စိတ်ဓာတ်ကိုလည်း မြှင့်ရာရောက်တဲ့အပြင် ပြုပြင်ခြင်းအားဖြင့် ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှာ များစွာအကျိုးရှိကြောင်း တင်ပြရင်းနိဂုံးချုပ်ပါတယ်။

**ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများမရှိသေးသည့် သင့်လျော်သောကျေးရွာတိုင်းတွင် သားဖွား ဆရာမတစ်ဦးစီ ခန့်အပ်တာဝန်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်မက ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့မူဝါဒမှာ သက္ကရာဇ် ၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံနှင့် လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးတို့ ဖော်ပြထားပြီးတော့ ရည်မှန်းချက်အနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုအား ဆင်းရဲချမ်းသာမရွေး၊ ကျေးလက်ဒေသအောက်ခြေအထိ ပြည်သူလူထုအားလုံး လွှမ်းခြုံနိုင်ရန်ဆိုတဲ့အချက်တွေကို ကျွန်မအနေနဲ့ ကြိုဆိုထောက်ခံပါတယ်လို့ ပထမဦးစွာပြောကြားလိုပါတယ်ရှင်။ ကျွန်မတို့ရဲ့မြန်မာနိုင်ငံမှာ လူဦးရေ ၅၁.၂ သန်းရှိတဲ့အနက် ကျေးလက်ဒေသများမှာ ၃၅.၃ သန်းနေထိုင်လျက်ရှိတာကြောင့် ၇၀.၄ ရာခိုင်နှုန်းသောလူဦးရေဟာ ကျေးလက်ဒေသနေပြည်သူများ ဖြစ်ကြပါတယ်။ ကျေးလက်ဒေသအများစုဟာ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ကျန်းမာရေးဝန်ထမ်းနည်းပါးမှုနဲ့ ပြည်သူများ ကျန်းမာရေးဗဟုသုတနည်းပါးမှုတို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ မျှော်မှန်းသလောက် ခရီးမပေါက်ခဲ့တာကိုလည်း တွေ့ရှိနေရပါတယ်ရှင်။ ကျွန်မရဲ့မဲဆန္ဒနယ်မြေဖြစ်တဲ့ ရသေ့တောင်မြို့နယ်မှာဆိုရင် ကျေးရွာအုပ်စု ၉၂ အုပ်စု၊ ကျေးရွာပေါင်း ၁၅၆ ရွာ၊ လူဦးရေစုစုပေါင်း ၁၅၀၀၀၀ ကျော်ရှိပါတယ်။ ကျေးရွာအုပ်စု တစ်အုပ်စုကို ကျေးရွာသုံးရွာ၊ လေးရွာဖြင့် ဖွဲ့စည်းထားပါတယ်။ ၎င်းကျေးရွာအုပ်စု တစ်အုပ်စုမှာ သားဖွားဆရာမတစ်ဦးသာ ရှိပါတယ်။ တချို့ကျေးရွာအုပ်စုတွေမှာ လုံးဝမရှိတာတွေကိုလည်း တွေ့ရှိရပါတယ်။ ၎င်းကျေးရွာအုပ်စုများဟာ တစ်ရွာနှင့်တစ်ရွာ ခန့်မှန်းခြေ နှစ်မိုင်၊ သုံးမိုင်ခန့် ကွာဝေးလှပါတယ်။ ထို့အပြင် ရေလမ်းခရီးကိုသာ အဓိကထားပြီး သွားလာနေရတဲ့အတွက် သွားလာရေးခက်ခဲမှုတွေကို ရင်ဆိုင်ကြုံတွေ့နေကြရတဲ့ကျေးရွာတွေ အများကြီးရှိနေပါသေးတယ်။ အထူးသဖြင့် ကျေးလက်နေကိုယ်ဝန်ဆောင်မိခင်များဟာ ကျန်းမာရေးဗဟုသုတနည်းပါးမှုတို့ကြောင့် သွေးသွန်ခြင်း

များ၊ ကိုယ်ဝန်အဆိပ်တက်ခြင်းများ၊ ကလေးမွေးဖွားရာမှာလည်း ကျေးရွာနေလက်သည်များကိုသာ အားကိုးနေရခြင်းတို့ကြောင့် မသေဆုံးသင့်ဘဲ သေဆုံးသွားကြရတာတွေကိုလည်း စိတ်မကောင်းစွာ ကြားသိနေရပါတယ်။ ဒါကြောင့် ကျေးလက်နေပြည်သူများက မိမိတို့ရဲ့ကျေးရွာများမှာ သားဖွားဆရာမ တစ်ဦးစီ ခန့်ထားပေးနိုင်ရေးအတွက် ကျန်းမာရေးဌာနအား တင်ပြပေးပါရန် ကျွန်မတို့သွားတိုင်း တောင်းဆိုမှုတွေရှိနေကြပါတယ်။ ဒီလို သားဖွားဆရာမတစ်ဦးစီကို ခန့်ပေးလိုက်ခြင်းအားဖြင့် ကျေးလက်နေပြည်သူများကို ကျန်းမာရေးဗဟုသုတများ တိုးပွားစေပြီးတော့ မြို့ပြနှင့် ကျေးလက် ကျန်းမာရေးစောင့်ရှောက်မှုကွာဟချက်များကိုလည်း ကျဉ်းမြောင်းသွားစေမှာဖြစ်ပါတယ်။ နောက် တစ်ချက်အနေနဲ့ ကျွန်မတို့ရဲ့ပြည်နယ်များမှာ နေထိုင်တဲ့ဒေသခံများကို သားဖွားသင်တန်းတက်ရောက် ဖို့အတွက် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများကို ဦးစားပေးရွေးချယ်သင်တန်းပေးလိုက်ခြင်း အားဖြင့် မိမိဒေသရဲ့အကျိုးကို ပိုမိုဆောင်ရွက်နိုင်မှာလည်း ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံအတွင်း မြို့ပြနှင့် ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှု၊ အထူးသဖြင့် ကိုယ်ဝန်ဆောင် မိခင်များနှင့် မွေးကင်းစကလေးငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကျေးလက် ကျန်းမာရေးဌာန၊ ဌာနခွဲများ မရှိတဲ့၊ သင့်လျော်တဲ့ကျေးရွာတိုင်းမှာ သားဖွားဆရာမတစ်ဦးကို ခန့်အပ် တာဝန်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ဒေသခံမိန်းကလေးများအား ရွေးချယ်သင်တန်းပေး၍ မိမိဒေသ၌ ပြန်လည်ခန့်အပ်တာဝန်ပေးရန် အစီအစဉ်ရှိ/မရှိကို ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်ခင်စောဝေပြောကြားသည့် အချက်အလက်များကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒေါ်ခင်စောဝေပြောကြားသည့် အချက်အလက် များအားလုံးမှာ အမှန်တရားများဖြစ်ပြီး ကျွန်တော်ထောက်ခံပါတယ်။ သို့သော်လည်း ပထမမေးထား သောမေးခွန်းဖြစ်သည့် ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲမရှိသေးသည့် သင့်တော်သောကျေးရွာ တိုင်း၌ သားဖွားဆရာမတစ်ဦး ခန့်အပ်နိုင်ရန်ကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော် အခုအတိုင်းဖြေကြား

ပါမယ်။ ပြည်သူ့ကျန်းမာရေးတိုးတက်မှုရှုထောင့်မှ အလွန်ကောင်းသောအကြံပြုချက်ဖြစ်ပါတယ်။ အလုံးစုံပြည့်ဝသောအခြေအနေပေါ့။ Utopian ဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဒီလိုပဲဖြစ်စေချင်ပါတယ်။ သို့သော် ကျွန်တော့်အနေနဲ့သုံးသပ်ပြီးကြည့်လိုက်တဲ့အခါမှာ အောက်ပါအချက်များကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံ၌ ကျေးရွာပေါင်း ၆၃၉၃၈ ရှိပါတယ်။ နောက်ဆုံးစာရင်းဇယားအရ ၇၀၀၀၀ ကျော်ကျော်လေးဖြစ်သွားပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးဌာနမှာ Rural Health Center ပေါ့။ ကျေးလက်ကျန်းမာရေးဌာနပေါင်း ၁၇၇၈ ရှိပါတယ်။ အမည်ဖော်နိုင်တဲ့ ဌာနခွဲပေါင်းက Sub-Center ၈၂၆၂ ခုရှိပါတယ်။ ဤဌာနခွဲတစ်ခုစီ၌ သားဖွားဆရာမတစ်ယောက်စီ ရှိကိုရှိရမှာပါ။ အကုန်လုံး လောလောဆယ်မရှိသေးပါဘူး။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှာ ခန့်ထားတဲ့ သားဖွားဆရာမစုစုပေါင်း ၁၂၂၉၅ ဦးရှိပါတယ်။ ၎င်းတို့သည်၊ တချို့သည် ဒေသန္တရ ကျန်းမာရေးဌာနမှာလုပ်ပါတယ်။ တချို့သည် မြို့နယ်ကျန်းမာရေး ဌာနများမှာလုပ်တယ်။ တချို့သည် မိခင်နှင့်ကလေးကျန်းမာရေးဌာနမှာလုပ်ပါတယ်။ ကျန်တဲ့သားဖွား ဆရာမများကသာလျှင် အခုနက ကျေးလက်ကျန်းမာရေးဌာနခွဲ(Rural Health Center)မှာ တာဝန်ထမ်းဆောင်တယ်။ အဲဒီတော့ Rural Health Center မှာရှိတာက ၉၀၀၀ ကျော် တာဝန်ထမ်းဆောင်တယ်။ မပြည့်သေးပါဘူး ခင်ဗျား။ ကျွန်တော်တို့ အများကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွေက ဒီကျေးလက် ကျန်းမာရေးဌာနခွဲ၊ ကျေးလက်ကျန်းမာရေးဌာနမှာရှိတဲ့ လိုအပ်တဲ့သားဖွားဆရာမတွေကို ကျွန်တော် ဦးစားပေးပြီး စလုပ်နေပါတယ်။ ဒါပြည့်မှသာလျှင် ကျွန်တော်တို့က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း ရွာတွေကိုလုပ်နိုင်ပါမယ်။ သို့သော်လည်း ဒီရွာတွေကိုလုပ်တဲ့အခါမှာ ကျွန်တော်တို့က ဒီအတိုင်းသားဖွားဆရာမအတွက်ကို ရွာမှာသွားလွှတ်လို့မရပါဘူး။ သူ့အတွက် နေအိမ်လုပ်ပေးရတယ်။ ဆေးလုပ်ပေးရတယ်။ ပစ္စည်းကိရိယာတွေလုပ်ပေးရတယ်။ အများကြီး၊ ဒါ ၆၃ သန်းလောက် ကုန်ပါတယ်ခင်ဗျား။ ဒီနေရာမှာ ကျွန်တော်တင်ပြချင်တာ ဒီသားဖွားဆရာမသည် ကျွန်တော်တို့ရဲ့နောက်ခံကျောရိုးဖြစ်ပါတယ်။ အလွန်အရေးကြီးသော နောက်ခံကျောရိုး၊ ကျန်းမာရေးမှူးလည်းမဟုတ်ပါဘူး။ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၁)(၂)တောင်မဟုတ်ဘူး။ သားဖွားဆရာမသည် အဓိကကျောရိုး၊ ဘာကြောင့်အဓိကကျောရိုးဆိုတော့ သူတို့သည် ရှိသမျှအကုန်လုပ်ရပါတယ်ခင်ဗျား။ ကာကွယ်ဆေးထိုးတဲ့နေရာမှာပါတယ်။ ပညာပေးတဲ့နေရာမှာလည်းပါရတယ်။ အများကြီးပါပဲခင်ဗျား။ ရှိသမျှစာရင်းဇယားလုပ်တဲ့နေရာ အကုန်ပါပါတယ်ခင်ဗျား။ သူတို့တော်မှသာလျှင်၊ သူတို့နေရာတကာတိုင်းမှာရှိမှသာလျှင် ကျွန်တော်တို့ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့

ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ပီပြင်မယ်။ ဒါကိုလည်း ကျွန်တော်သိပါတယ်။ သိတဲ့အတွက် သူတို့ကိုလည်း အများကြီးပံ့ပိုးပေးနေပါတယ်။ ဒီသင်တန်းပေးတာကအစ အားလုံးလုပ်ပေးနေပါတယ်။

အကယ်၍ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း သင့်တော်သောကျေးရွာကို ကျွန်တော်အကုန်မယူသေးပါဘူး။ ကျေးရွာပေါင်း ၆၀၀၀၀ ကျော်ရှိတယ်။ အကုန်မယူဘူး။ လွှတ်တော် ကိုယ်စားလှယ်ကြီးတင်ပြတဲ့အထဲက ၃၀ ရာခိုင်နှုန်းသောရွာတွေမှာသာ တစ်ယောက်ခန့်မယ်ဆိုရင် စုစုပေါင်း သားဖွားဆရာမ နောက်ထပ် ၂၀၀၀၀ ထပ်လိုမယ်ခင်ဗျား။ တိုင်းဒေသကြီး/ပြည်နယ်များမှာ သားဖွားနှင့် သားဖွားသင်တန်းကျောင်းပေါင်း ၂၂ ကျောင်း ရှိပါတယ်။ သားဖွားဆရာမတစ်ယောက် ဖြစ်ဖို့ဆိုရင် ၁၈ လ လိုပါတယ်။ အခုဆိုရင် သူတို့ကို ဒီပလိုမာပေးမယ့်အတွက် ၂၄ လဖြစ်သွားပါပြီ။ ဆိုလိုတာကတော့ ၂၀၁၇ ခုနှစ်မှာ ထွက်လာမယ့်သားဖွားဆရာမတွေ ၁၃၈၇ ယောက်ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်မှာတော့ ၁၂၃၇၊ ဒီနှုန်းအတိုင်း သွားမယ်ဆိုလို့ရှိရင်တော့ အကုန်လုံးကို၊ ရွာတိုင်းရွာတိုင်း မှာဖြစ်ဖို့ကတော့ မဖြစ်နိုင်သေးပါဘူး။ ဒါတွေအကုန်ဖြစ်ဖို့ဆိုလို့ရှိရင်တော့ နောက်ထပ်အနည်းဆုံး ၁၅ နှစ်လောက်ကြာမယ် ဖြစ်ပါတယ်။ သို့သော်လည်း ဒီ ၁၅ နှစ်ကို ကျွန်တော်တို့က မစောင့်ဘူး။ မစောင့်ဘဲနဲ့ ဖြစ်နိုင်သမျှ ကျွန်တော်တို့က သူတို့ကိုသင်တန်းပေးမယ်။ Training ပေးမယ်။ သူတို့ ရွာအပြင် အခြားရွာတွေကိုလည်းကြည့်အောင် ကျွန်တော်တို့ကစီစဉ်ပေးမယ်။ သို့မှသာလျှင် ကျွန်တော်တို့ဖြစ်မယ်။ တစ်ရွာတစ်ယောက်ကတော့ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ ဒါတောင် ကျွန်တော်တို့ က ပင်စင်ယူသွားမယ့်သားဖွားဆရာမ မပါသေးဘူး။ အလုပ်ထွက်မယ့်သားဖွားဆရာမ မပါသေးဘူး။ ဒါတွေတွက်လို့ရှိရင် ဒီထက်မက ပိုကြာဖို့ရှိပါတယ်။ တစ်နည်းတစ်လမ်းအားဖြင့် လွှတ်တော် ကိုယ်စားလှယ်ကြီး ဒေါ်ခင်စောဝေ တောင်းထားသည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးများအား ကျန်းမာရေးဝန်ဆောင်မှုပေးမှုဟာ အရည်အချင်းပြည့်မီသော အခြေခံကျန်းမာရေးလုပ်သားဖြစ်တဲ့ အတွက် ဌာနတွင်းမွမ်းမံသင်တန်းတွေကိုပဲ ကျွန်တော်အခုနကတင်ပြထားတဲ့အတိုင်း မတ်လမှစပြီးပေး တော့မှာပါ။ လုံးဝ Quality ရှိတဲ့ သားဖွားဆရာမကို ဖြစ်ဖို့ ကျွန်တော်တို့ပေးပါမယ်။ ထို့အပြင် ၁၉၅၆ ဦးကို စခန့်တော့မယ်။ ဒီသားဖွားဆရာမအားလုံးသည် ရွာများကိုပဲ သွားမှာပါ။ Sub-Center ကိုပဲ သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့တင်ပြချင်တာက လူ့စွမ်းအားအရင်းအမြစ်ကတော့ ချက်ချင်း ထုတ်လို့မရပါဘူး။ ပိုက်ဆံလိုတယ် ဆေးပစ္စည်းလိုမယ်ဆိုရင် အစိုးရက ပိုက်ဆံ ဒီနေ့ချ၊ နောက်နေ့ ဝယ်ပေးလို့ရပါတယ်။ အဲဒါတွေကိုတော့ မှတ်သားဖို့လိုပါတယ်ခင်ဗျား။ လူ့စွမ်းအားအရင်းအမြစ် ကိုတော့ အတတ်နိုင်ဆုံးဖြည့်ဆည်းဖို့အတွက်ကတော့ ၂၀၁၇-၂၀၂၂ ခုနှစ်ကိုလည်း ကျွန်တော်တို့က

**မူကြမ်း**

Human Resources For Health Plan တွေလုပ်နေပါပြီ။ အဲဒီအထဲကအတိုင်းပဲ လုပ်ပါမယ်။ ထုတ်မှာက သားဖွားဆရာမ ပိုထုတ်ရမယ်။ Health Assistant ပြည်သူ့ကျန်းမာရေးမှူး ထုတ်ရမယ်။ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၁)(၂) ဒါတွေကိုဦးစားပေးထုတ်ဖို့ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော် အခုနကတင်ပြသလို သားဖွားဆရာမတစ်ယောက်ကိုခန့်မယ်ဆိုရင် ၆၇ သန်းကနေ ၇၂ သန်းလောက် နီးပါးအထိ နိုင်ငံတော်က အကုန်အကျခံရမယ်ဆိုတာလည်း ကျွန်တော်တင်ပြလိုပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ဒေသခံမိန်းကလေးများကို ရွေးချယ်သင်တန်းပေး၍ မိမိဒေသ၌ ပြန်လည်ခန့်အပ်တာဝန်ပေးအပ်ရန်အစီအစဉ်ရှိ/မရှိနှင့်ပက်သက်၍ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ချင်းပြည်နယ်မှလွဲ၍ သားဖွားသင်တန်းကျောင်း ၂၂ ကျောင်းဖွင့်လှစ်ထားပြီး တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှကြီးကြပ်၍ ဝင်ခွင့်စာမေးပွဲ(၁၀ တန်းအောင်) ဒေသ အလိုက် ဒေသခံများကိုပဲ သူတို့ကတက်ကြပါတယ်။ အောင်လို့ရှိရင်လည်း ဒီဒေသခံများကိုပဲ အလုပ်ခန့်ပါတယ်။ သူတို့ကို Stipend တစ်လကို ၃၀၀၀၀ ပေးပါတယ်။ သူတို့အလကားနေပါတယ်။ ဒီ Stipend ၃၀၀၀၀ ထဲက စားဖို့စရိတ်ကို နည်းနည်းလေးထပ်ထည့်လိုက်လို့ရှိရင် သူတို့ အလကားနေပြီးတော့ သင်တန်းတက်ရပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးကို တင်ပြချင်တာကတော့ ဒီသားဖွားသင်တန်းနဲ့ သူနာပြုသင်တန်းကျောင်းမှာ ကျွန်တော်တို့က သင်ရိုး ညွှန်းတမ်းတွေ အကုန်ပြင်နေပါပြီ။ သင်ကြားမှုစနစ်လည်း ပြင်နေပါပြီ။ ကျင့်ဝတ်တွေလည်း သင်တဲ့ အတွက် ထွက်လာမယ့်သားဖွားဆရာမသည် အရေအတွက်မဟုတ်ပါဘူး။ အရည်အချင်းမီသော သားဖွားဆရာမများ ဖြစ်မယ်ဆိုတာလည်း ပြောကြားလိုပါတယ်။ ထို့အပြင် ဒီမေးခွန်းကို မေးတဲ့ ဒေါ်ခင်စောဝေကိုလည်း ကျွန်တော်ကျေးဇူးအများကြီးတင်ပါတယ်။ ဒါကိုလုပ်လိုက်ခြင်းအားဖြင့် ကျွန်တော်တို့ကို မီးထိုးပြလိုက်တဲ့သဘောဖြစ်ပါတယ်။ တိုင်းဒေသကြီးနှင့်ပြည်နယ်ကုသဦးစီးမှူးများကို ဒါကို ကျွန်တော်တို့ အမိကထားပြီးတော့ အရေးတယူဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြာရင်း နိဂုံး ချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ ဖြေကြားပြီးတဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီး ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**မြစ်မခမြစ်ရေတိုက်စားခြင်းကြောင့် (၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ်တွင် မြစ်ကြောင်းဖြောင့်ခြင်း၊ ရေကာ ရိုက်ခြင်းများ ဆောင်ရွက်ပေးမည့်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော့်မေးခွန်းကတော့ ကျွန်တော်တို့လက်ပံတန်းမြို့မှာ ရှိတဲ့ မြစ်မခမြစ်ရေတိုက်စားခြင်းကြောင့် အဲဒီမြစ်မခမြစ်ဘေးကမ်းနားမှာနေထိုင်ကြတဲ့ကျေးရွာများကို မြစ်ရေတိုက်စားခြင်းဒဏ်ကနေပြီးတော့မှ ဘယ်လိုကာကွယ်ပေးမလဲဆိုတဲ့မေးခွန်းပဲ ဖြစ်ပါတယ် ခင်ဗျား။ ဒီမှာတော့ ကျွန်တော့်မေးခွန်းကို ပြည်ထောင်စုဝန်ကြီးကိုလည်း ပေးပို့ထားပြီးဖြစ်တဲ့ အတွက်ကြောင့် အသေးစိတ်ကိုတော့ ကျွန်တော် မတင်ပြတော့ပါဘူး။ ကျွန်တော်တင်ပြချင်တာက ဧရာဝတီမြစ်နှင့်မြစ်မခမြစ်ဆိုတာက ကျွန်တော်တို့မြို့နယ်ထဲက ဖြတ်သန်းစီးဆင်းတဲ့မြစ်နှစ်စင်းဖြစ်ပါ တယ်။ ထူးခြားတာက ဒီမြစ်နှစ်စင်းက မြစ်မခမြစ်ဆိုတဲ့မြစ်က ဧရာဝတီမြစ်ထဲကိုစီးဝင်ခြင်းမပြုဘဲနဲ့ သူ့လမ်းကြောင်းနဲ့သူ လှိုင်မြစ်ထဲကိုစီးဝင်တဲ့အတွက်ကြောင့် ဒီမြစ်ကြီးကို ခခယယမလုပ်ဘဲနဲ့ သူ့လမ်းကြောင်းနဲ့သူစီးဆင်းတဲ့အတွက်ကြောင့် ဒီမြစ်ရဲ့နာမည်က မြစ်မခမြစ်လို့အမည်တွင်ပါတယ်။ ကျွန်တော် အခုမေးမယ့်မေးခွန်းကလည်း မြစ်မခမြစ်ရေတိုက်စားတဲ့အတွက်ကြောင့်မို့လို့ ကျေးရွာ တွေဟာ မြစ်ရေတိုက်စားခြင်းကို နှစ်စဉ်ခံနေရတဲ့အတွက်ကြောင့် ကျွန်တော်မေးလိုခြင်းဖြစ်ပါတယ်။ ထူးခြားတာက မြစ်နှစ်စင်းဟာ အပြိုင်စီးဆင်းပေမဲ့လို့ မိုးညိုမြို့နယ်အပိုင်ထဲမှာတော့ ရိုးပေါက် သုံးပေါက်ကနေပြီးတော့မှ ဧရာဝတီမြစ်ထဲကရေတွေက မြစ်မခမြစ်ထဲကို စီးဆင်းတာတွေ့ရပါတယ်။ အဲဒီရိုးပေါက်သုံးပေါက်ကတော့ ဒုတ်ပေါက်လို့ခေါ်တယ်၊ မြစ်သာပေါက်လို့ခေါ်တယ်၊ ဆင်ခေါင်း ပေါက်လို့ခေါ်ပါတယ်။ ဆိုလိုတာကတော့ ဧရာဝတီမြစ်ရေကြီးလာလို့ရှိရင် ဧရာဝတီမြစ်ရေကို မျှဝေ ပြီးတော့မှ မြစ်မခမြစ်ထဲကို စီးဆင်းတဲ့သဘောပါပဲ။ အဲဒီတော့ နှစ်စဉ်နှစ်စဉ် ဧရာဝတီမြစ်ရေကြီး လို့ရှိရင် မြစ်မခမြစ်ဟာလည်းပဲ ဧရာဝတီမြစ်လိုပဲ ရေကြီးရေလျှံတာကို နှစ်စဉ်ခံရပါတယ်။ အဲဒီတော့ ဒီရွာတွေဟာဆိုလို့ရှိရင် နှစ်စဉ်လိုပဲ ရေနစ်မြုပ်တဲ့ကျေးရွာတွေဖြစ်သလို မြစ်ရေကျသွားပြီဆိုတာနဲ့ မြစ်ကမ်းပါးတွေပြိုတာကလည်းပဲ ဆက်တိုက်ကိုဖြစ်တဲ့အတွက်ကြောင့် ဒီမေးခွန်းကို ကျွန်တော် မေးရခြင်းဖြစ်ပါတယ်။

**မူကြမ်း**

အဲဒီတော့ Power Point လေး ကျွန်တော့်ကို အသုံးပြုခွင့်ပြုပါခင်ဗျား။ Power Point ထဲမှာဆို လို့ရှိရင် မြစ်ကြောင်းက လယ်တီကျေးရွာကိုဦးတည်ပြီးတော့မှ တိုက်စားတဲ့အတွက်ကြောင့် လယ်တီ ကျေးရွာဆိုလို့ရှိရင် မြစ်ထဲကိုတစ်ခြမ်းလောက်ပါသွားပါပြီခင်ဗျား။ အဲဒီမှာ စာသင်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းဆိုရင်လည်းပဲ မြစ်ကမ်းဘေးနဲ့ ပေ ၃၀ လောက်ပဲဝေးပါတယ်။ ဒီဥစ္စာကတော့ မြစ်ကြောင်းဘေးက ခမုံကျေးရွာပါ။ ခမုံကျေးရွာရဲ့မီးရထားလမ်းဖြစ်ပါတယ်။ တံတားကြီးဖြစ်ပါတယ်။ အဲဒီနေရာမှာ မြစ်ကြောင်းက ခမုံကျေးရွာတံတားရဲ့အခြေကိုထိုးပြီးတော့မှ ဆန့်ကျင်ဘက် ခမုံဆိပ် ရွာမဘက်ကိုထိုးတဲ့အတွက်ကြောင့် ခမုံဆိပ်ရွာမကလည်းပဲ ပြောရမယ်ဆိုရင် ရွာတစ်ခြမ်းလုံးက မြစ်ထဲကို ပါသွားပါပြီခင်ဗျား။ ခမုံဆိပ်ရွာမရဲ့မြစ်ကမ်းပါးတွေ ပြိုနေတာပါခင်ဗျား။ အဲဒီကနေပြီးတော့ မြစ်ကြောင်းကစီးဆင်းလာတဲ့အခါကျလို့ရှိရင် ခမုံဆိပ်ရွာမကိုထိုးတဲ့မြစ်ကြောင်းက ဒီဘက်က လှည်းလမ်းဆိပ်ရွာကို ထိုးတဲ့အတွက်ကြောင့် လှည်းလမ်းဆိပ်ရွာကလည်းပဲ ဘုန်းတော်ကြီးကျောင်း ဆိုရင် မြစ်ကမ်းပါးနဲ့ ငါးပေလောက်ပဲ ကွာပါတော့တယ်။ အဲဒီကနေပြီးတော့ စီးဆင်းလာတဲ့မြစ်ဟာ ငှက်ပျောတောကျေးရွာနားရောက်တဲ့အခါကျတော့ ဂငယ်ကွေ့စီးဆင်းတဲ့အတွက်ကြောင့် အဲဒီနေရာမှာ လည်းပဲ ငှက်ပျောတောကျေးရွာက မြစ်ရေတိုက်စားခြင်းကို ခံနေရပါတယ်။ အဲဒီနေရာမှာလည်းပဲ ဖြတ်ပြီးတော့မှတူးဖော်ပေးလိုက်မယ်ဆိုရင် မြစ်ရေတိုက်စားခြင်းကို သက်သာနိုင်ပါတယ်ခင်ဗျား။ ဒါကတော့ တော်လသကျေးရွာတံတားဖြစ်ပါတယ်ခင်ဗျား။ မဟာဗျူဟာလမ်းမကြီးပေါ်ကတံတား ဖြစ်ပါတယ်။ အဲဒီတံတားကလည်းပဲ တံတားအခြေကိုရေတိုက်စားပြီးတော့မှ အဲဒီတော်လသကျေးရွာမှာ ရှိတဲ့ ရဲကင်းတွေ၊ သာသနိကအဆောက်အဦတွေ၊ ကျေးရွာနေအိမ်တွေကလည်းပဲ အားလုံး မြစ်ထဲကို ပါသွားပါပြီခင်ဗျား။

ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်တော်မေးချင်တဲ့မေးခွန်းကတော့ မြစ်မခမြစ်ကြောင်းတစ်လျှောက်မှာရှိတဲ့ကျေးရွာတွေဟာ နှစ်စဉ် မြစ်ရေတိုက်စားတဲ့ဒဏ်ကနေ ခံနေရ တဲ့အတွက်ကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ မည်သို့ကာကွယ်ပေးမယ့်အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပဲခူး တိုင်းဒေသကြီး၊ လက်ပံတန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းရဲ့ ပဲခူးတိုင်း ဒေသကြီး၊ လက်ပံတန်းမြို့နယ် မြစ်မခမြစ်ရေတိုက်စားခြင်းကြောင့် တံတားများ၊ ကျေးရွာများရှိ လူနေ အိမ်များ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ရေကာတာများ၊ ကိုင်းကျွန်းမြေများ နှစ်စဉ် ဆုံးရှုံးနေတဲ့အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ မြစ်ကြောင်းဖြောင့်ခြင်း၊ ရေကာရိုက်ခြင်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒါက လည်းပဲ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကိုယ်စား ဖြေကြားခြင်းဖြစ်ပါတယ်။ အချိန်ကုန်သက်သာ စေခြင်းနှင့်မြန်ဆန်စေဖို့ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ အဲဒီမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ရေတိုက်စားခြင်း၊ ကမ်းပါးပြိုခြင်းများကို ကာကွယ် ထိန်းသိမ်းဖို့ရာအတွက် ရန်ပုံငွေ ၁၂၀၂.၄၅ သန်းရရှိခဲ့ပါတယ်။ မူလခွင့်ပြုငွေလုံးငွေရင်း အဲဒီအတွက် လုပ်ငန်းရှစ်ခုလုပ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဖြည့်စွက်ရန်ပုံငွေ ၇၁.၄ သန်းနဲ့လုပ်ငန်းတစ်ခု စုစုပေါင်း လုပ်ငန်းကိုးခုကိုလုပ်ဖို့ရာအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကနေပြီးတော့ ခွင့်ပြုခဲ့ပါတယ်။ အဲဒီ ထဲကနေပြီးတော့ ဦးစားပေးအစီအစဉ်အလိုက် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကနေ ဆောင်ရွက်ပေးရပါတယ်။ အဲဒီကိုးခုထဲက လက်ပံတန်းမြို့နယ်အတွက်တော့ တစ်ခု ပါပါတယ်။ အဲဒါကတော့ ခုနကတုန်းကပြောတဲ့အထဲမှာပါတဲ့ တော်လသကျေးရွာ ကမ်းပြိုကာကွယ် ရေးအတွက် ၁၃၇.၈၈ သန်းကို နှစ်တန်းသွားမျှောတိုင်တန်းကျောက်ဖြည့်ရေကာကိုးခုနဲ့ စုစုပေါင်း အလျား ၃၆၀ မီတာကို ဆောင်ရွက်ခဲ့ပါတယ်။ အဲဒါကတော့ ခုနတုန်းကပုံဖြစ်ပါတယ်။ အဲဒီတော်လသ တံတားကို ဟိုဘက်ဒီဘက်မှာ နှစ်တန်းသွားမျှောတိုင်တန်းရေကာတာ ဆောက်လုပ်ပေးထားတဲ့ပုံဖြစ်ပါ တယ်။

နောက် အခုလုပ်မယ့် လက်ပံတန်းမြို့နယ် မြင်ကဝကျေးရွာအုပ်စု၊ တမာကျေးရွာအုပ်စုနှင့် လယ်တီကျေးရွာအုပ်စုတွေကို ကွင်းဆင်းတိုင်းတာစစ်ဆေးပြီးတော့ လုပ်ရမယ့်အစီအစဉ်တွေ၊ ကုန်ကျ စရိတ်တွေကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြခဲ့ပါတယ်။ အဲဒီမှာ မြင်ကဝကျေးရွာအုပ်စုရဲ့ လယ်တီကျေးရွာမှာ ရေတိုက်စားမှုကမ်းပြိုကာကွယ်ရေးအတွက် လုပ်ရမယ့်ဟာကတော့ နှစ်တန်းသွား

မျောတိုင်တန်းကျောက်ဖြည့်ရေကာနှင့် ကမ်းရင်း Soda Mattress စတုရန်းပေ ၃၆၀၀၀ ကိုလုပ်ဖို့ ၂၀၃.၈၅ သန်းကုန်ကျမယ်။ တစ်ခါ တမာကျေးရွာအတွက် မြစ်မခမြစ်ရေတိုက်စားမှုအတွက် ကမ်းပြို ကာကွယ်ဖို့ရာအတွက်လုပ်မယ့်ဟာက ၂၃၃.၉ သန်းကုန်ကျမယ်လို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြခဲ့ပါတယ်။ အဲဒါက ကျွန်တော်တို့လုပ်မယ့်ပုံစံအကြမ်းဖြစ်ပါတယ်။ အဲဒီအတွက်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ထဲမှာတော့ မပါတော့ပါဘူး။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာလည်းပဲ BE မှာ မူလ ခွင့်ပြုငွေထဲမှာမပါတဲ့အတွက်ကြောင့် ၂၀၁၇-၂၀၁၈ ဖြည့်စွက်မှာတောင်းပေးဖို့ရာအတွက် ရေအရင်း အမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ တင်ပြ တောင်းခံထားပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်ရှိ မြန်မာ့မီးရထားဘူတာရုံနှင့် ဝန်ထမ်းနေအိမ်တို့ကို အမြန်ဆုံးပြုပြင်မွမ်းမံပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဦးထွန်းမောင်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော် ကတော့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းက ပုဏ္ဏားကျွန်းမြို့နယ်၊ ကွမ်းတောင်ဘူတာမှ ယိုးတရုတ် ဘူတာအလွန် ဂဏန်းတောင်ဘူတာအထိ ဒေသခံပြည်သူများရဲ့ လမ်းပန်းဆက်သွယ်ရေး လွယ်ကူ ချောမွေ့စေရေးအတွက် မီးရထားအချိန်မှန်မှန်ပြေးဆွဲနိုင်ရေးနှင့် သက်ဆိုင်တဲ့မေးခွန်းများကို မေးမြန်း သွားမှာဖြစ်ပါတယ်။ မေးခွန်း(က) ၂၀၁၅ ခုနှစ် မိုးတွင်းကာလကပင် လေပြင်းဒဏ်ကြောင့် အနည်းငယ်စီ ပျက်စီးခဲ့ကြတဲ့ ဘူတာရုံနှင့် ဝန်ထမ်းနေအိမ်တို့ကို အမြန်ဆုံးပြုပြင်မွမ်းမံပေးရန် အစီအစဉ်ရှိ/မရှိ၊ မေးခွန်း(ခ) ကွမ်းတောင်ဘူတာမှ ယိုးတရုတ်ဘူတာအထိ ရထားပြေးဆွဲနေခဲ့ရာမှ ဂဏန်းတောင် ဘူတာအထိ တိုးချဲ့ပြေးဆွဲပေးရန် အစီအစဉ်ရှိ/မရှိ၊ မေးခွန်း(ဂ) ယခုအခါ ရထားအစုန်တစ်ခေါက်၊ အဆန်တစ်ခေါက် ပြေးဆွဲနေတာကို ယခင်အတိုင်း အစုန်နှစ်ခေါက်၊ အဆန်နှစ်ခေါက် အသွားအပြန် လေးခေါက်စီ ပြေးဆွဲပေးရန် အစီအစီရှိ/မရှိတို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ရဲ့ မီးရထားကဏ္ဍကို လေ့လာကြည့်တဲ့အခါမှာ မင်းဘူး၊ အမ်း၊ မြေပုံ၊ မင်းပြား၊ မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ စစ်တွေတို့ကို ဆက်သွယ် သွားလာနိုင်မယ့် မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ၂၉၉ မိုင်ကို ၂၀၀၉

ခုနှစ်၌ ယခင်အစိုးရလက်ထက်ကပင် စတင်ဆောင်ရွက်ခဲ့တာ အခုဆိုရင် ရှစ်နှစ်ခန့်ရှိနေပါပြီ။ ယခု အခါ ပုဏ္ဏားကျွန်းမြို့နယ်၊ ကွမ်းတောင်ဘူတာမှ ယိုးတရုတ်ဘူတာအထိသာ ပြေးဆွဲလျက်ရှိနေပါတယ်။ လွန်ခဲ့တဲ့ ၂၀၁၅ ခုနှစ် မိုးရာသီမတိုင်မီကဆိုရင် ကွမ်းတောင်ဘူတာမှ ကျောက်တော်ဘူတာအထိ မီးရထားလေးတွဲဟာ တစ်နေ့လျှင် အဆန်နှစ်ခေါက်၊ အစုန်နှစ်ခေါက် စုစုပေါင်း လေးခေါက်စီ ပြေးဆွဲ ခဲ့ပါတယ်။ ပုဏ္ဏားကျွန်းမြို့နယ်ဟာ ပေါက်တောမြို့နယ်၊ မြောက်ဦးမြို့နယ်တို့ရှိ ကျေးရွာများနှင့်လည်း နေ့စဉ် နေ့ချင်းပြန် ကူးတို့စက်လှေများ သွားလာမှုရှိနေတဲ့အတွက် ထိုမြို့နယ်များမှပြည်သူများမှ ကျောက်တော် မဟာမြတ်မုနိဘုရားသို့ ဘုရားဖူးရန်ဖြစ်စေ၊ ဆရာဆရာမများ၊ အခြားခရီးသည်များ၊ အခြားကိစ္စများနှင့်ဖြစ်စေ အစုန်ရော၊ အဆန်ပါ ခရီးသည်များ ပြည့်လျှံစွာသွားလာခဲ့ကြတဲ့အတွက် မြန်မာ့မီးရထားလမ်းပိုင်းတွေဟာ ရာနှုန်းပြည့်အောင်မြင်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့ ၂၀၁၅ ခုနှစ်၌ မိုးတွင်းကာလမှာ လေပြင်းတိုက်ခဲ့ပြီး မိုးကြီးရေလျှံ ဖြစ်ခဲ့တဲ့အတွက် ဂဏန်းတောင်ဘူတာနှင့် ကျောက်တော်ဘူတာအကြား မီးရထားလမ်းမိုင်ဝက်ခန့် ကွန်ကရစ်တံတားသုံးစင်းဟာ လုံးဝပျက်စီးသွားခဲ့ပြီး ဘူတာရုံများ ဝန်ထမ်းနေအိမ်များ နည်းနည်း ပါးပါးစီ ပျက်စီးသွားခဲ့ပါတယ်။ အဲဒါကြောင့် မီးရထားဟာ ကျောက်တော်အထိ မပြေးဆွဲနိုင်တော့ဘဲ ယိုးတရုတ်ဘူတာအထိသာ တစ်နေ့လျှင် အစုန်တစ်ခေါက်၊ အဆန်တစ်ခေါက် ပေါင်းနှစ်ခေါက်သာ ပြေးဆွဲနေခဲ့ပါတယ်။ ယိုးတရုတ်ဘူတာမှ ဂဏန်းတောင်ဘူတာအထိ ရထားလမ်းမှာ ပျက်စီးခြင်း မရှိခဲ့ပါ။ ဂဏန်းတောင်တူတာနှင့် ဝန်ထမ်းနေအိမ်နှစ်လုံးသာ ခေါင်မိုးအနည်းငယ် ပျက်စီးခဲ့ပါတယ်။ ရထားဝန်ထမ်းများနေစရာမရှိ၍ ဂဏန်းတောင်ဘူတာအထိ မီးရထားမပြေးဆွဲနိုင်ခြင်းဖြစ်ကြောင်း သိခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဏ္ဏားကျွန်းမြို့နယ်၊ ဂဏန်းတောင်ဘူတာဟာ ပုဏ္ဏားကျွန်းမြို့နယ်မှ ကျေးရွာရှစ်ရွာနှင့် ကျောက်တော်မြို့နယ်မှ ကျေးရွာ ၁၀ ရွာ စုစုပေါင်း ကျေးရွာ ၁၈ ရွာတို့ရှိ ဒေသခံ ပြည်သူများရဲ့ နေ့စဉ်သွားလာလေ့ရှိကြတဲ့ နေ့ချင်းပြန် ကူးတို့စက်လှေများရဲ့ စက်လှေဆိပ်ဘူတာ လည်းဖြစ်ပါတယ်။ အဲဒါကြောင့် ဘူတာရုံနှင့်ဝန်ထမ်းနေအိမ်တို့ကို ပြုပြင်မွမ်းမံပေးနိုင်လျှင် ဂဏန်းတောင်ဘူတာအထိ ရထားတိုးချဲ့ပြေးဆွဲနိုင်မည်ဖြစ်ပါကြောင်း ရထားကိုလည်း တစ်နေ့လျှင် အစုန်နှစ်ခေါက်၊ အဆန်နှစ်ခေါက် ပေါင်းလေးခေါက်စီပြေးဆွဲပေးမည်ဆိုပါက ဒေသခံပြည်သူများ အတွက် များစွာအကျိုးပြုနိုင်မည်ဖြစ်ပါကြောင်း ဖော်ပြပြီး မေးခွန်းများ မေးမြန်းခဲ့ပါတယ်။ ယခုအခါ ဘူတာရုံနှင့်ဝန်ထမ်းနေအိမ်များဟာ ပြုပြင်လို့ပြီးစီးသွားပြီဖြစ်တဲ့အတွက် မီးရထားမှာလည်း

ဂဏန်းတောင်ဘူတာအထိ တစ်နေ့လျှင် အစုန်တစ်ခေါက်၊ အဆန်တစ်ခေါက်စီ ဖေဖော်ဝါရီလ ၂ ရက်နေ့မှ စတင်ပြီးတော့ ပြေးဆွဲနေပြီဖြစ်ကြောင်း သိရှိရတဲ့အတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအား ကျေးဇူးတင်ရှိပါတယ်။ ဒါပေမဲ့ တစ်နေ့လျှင် နှစ်ခေါက်သာပြေးဆွဲနေပါသဖြင့် အကျိုးရှိသင့်သလောက်မရှိဖြစ်နေရပါတယ်။

သို့ဖြစ်ပါ၍ ယခုအခါ ဂဏန်းတောင်ဘူတာမှ ကွမ်းတောင်ဘူတာအထိ အစုန်တစ်ခေါက်၊ အဆန်တစ်ခေါက် ပြေးဆွဲနေတာကို ယခင်အတိုင်း အစုန်နှစ်ခေါက်၊ အဆန်နှစ်ခေါက် တစ်နေ့လျှင် လေးခေါက်စီ ပြေးဆွဲပေးရန် လိုအပ်နေပါကြောင်း တင်ပြရင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင်ရဲ့မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ သူ့မေးခွန်းမှာ သုံးခုပါပါတယ်။ အဲဒီမေးခွန်းသုံးခုကို ရှင်းလင်းရန် အချိန်ကုန်သက်သာစေရန်အတွက် Power Point သုံးစွဲခွင့်ပြုဖို့ မေတ္တာရပ်ခံပါတယ်။ အခု ပထမကတော့ ၂၀၁၅ ခုနှစ် မိုးတွင်းကာလကဖြစ်ခဲ့တဲ့ လေပြင်းဒဏ်ကြောင့် ပျက်စီးနေတဲ့ ဘူတာရုံနှင့်ဝန်ထမ်းနေအိမ်များ ပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိဖြစ်ပါတယ်။ အဲဒီမှာ ကွမ်းတောင်ဘူတာကို ပြင်ပြီးပါပြီ။ အောင်ဖြူပြင်ဘူတာကို ပြင်ပြီးပါပြီ။ ပျက်တဲ့ပုံနှင့် ပြင်ပြီးတဲ့ပုံပါ။ ပုဏ္ဏားကျွန်းဘူတာကို ပြင်ပြီးတဲ့ပုံပါ။ ယိုးတရုတ်ဘူတာမျက်နှာကျက်နှင့် ယိုးတရုတ်ဘူတာ ပြင်ဆင်ပြီးတဲ့ပုံပါ။ ဂဏန်းတောင်ဘူတာပျက်စီးနေတဲ့ပုံနှင့် ဂဏန်းတောင်ဘူတာကိုပြင်ပြီးပါပြီ။ အပေါက်ဝဘူတာပြင်ဆင်ပြီးတဲ့ပုံပါ။ ကွမ်းတောင်ဘူတာ ဝန်ထမ်းအိမ်ရာတွေပါ။ ဝန်ထမ်းအိမ်ယာတွေရော၊ ဘူတာဝန်ထမ်းအိမ်ရာတွေရော အားလုံး ခြောက်ဘူတာလုံးရဲ့ ဝန်ထမ်းအိမ်ရာရော၊ ဘူတာရော ပြင်ဆင်ပြီးတဲ့အကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ ဒုတိယမေးခွန်းကတော့ ကွမ်းတောင်ကနေ ယိုးတရုတ်ဘူတာကနေ ဂဏန်းတောင်ဘူတာအထိ ပြေးဆွဲပေးရန် အစီအစဉ်ရှိ/မရှိဖြစ်ပါတယ်။ အဲဒါ

ကတော့ ဖေဖော်ဝါရီလ ၁ ရက်နေ့ကနေ စတင်ပြီးတော့ ဂဏန်းတောင်ကို ပြေးဆွဲနေတဲ့ အကြောင်းပြောလိုပါတယ်။ နောက်အချက်ကတော့ ကျွန်တော်တို့ ဒီပြေးဆွဲတဲ့ရထားဟာ အစုန် တစ်ခေါက်၊ အဆန်တစ်ခေါက်ပဲ အားလုံးပေါင်းနှစ်စင်းပဲပြေးတယ်။ နောက်အစုန်နှစ်ခေါက်၊ အဆန် နှစ်ခေါက် လေးခေါက်မပြေးဘူးလားဆိုတဲ့ကိစ္စကတော့ ခရီးဆုံးကွမ်းတောင်ကနေပြီးတော့ ခရီးဆုံး ဖြစ်တဲ့ကျောက်တော်အထိ မရောက်ဘဲနဲ့ ကွမ်းတောင်ကနေ ဂဏန်းတောင်ဘဲရောက်နေတော့ ခရီးသည်အရေအတွက်က နည်းပါးနေသေးတဲ့အခြေအနေရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ကျောက်တော်ကို မြန်မြန်ပေါက်အောင် လုပ်ရမှာဖြစ်ပါတယ်။ ကျွန်တော် ဒီပြည်သူ့လွှတ်တော်မှာပဲ တစ်ခါ တင်ပြပြီးသားဖြစ်ပါတယ်။ ကျောက်တော်နှင့် ဂဏန်းတောင်ကြားထဲမှာ သုံးနေရာ လောက်ရေတိုက်စားသွားပါတယ်။ အဲဒီဟာကို တံတားသုံးခုအသစ်လုပ်မှဖြစ်မယ်။ ဟိုဘက်ဒီဘက် ရေကို ပိတ်ထားသလိုမဖြစ်အောင် တံတားသုံးခုလုပ်ရမယ်။ အဲဒီတံတားသုံးခုအတွက် ကုန်ကျမယ့် ပိုက်ဆံတွေကို ရဖို့လိုတယ်ဆိုပြီးလုပ်ထားပါတယ်။ အဲဒီတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ထဲမှာ ပေ ၄၀ Span တံတားတစ်စင်းပါပါတယ်။ အဲဒီအတွက် ငွေကျပ်သန်း ၁၄၀ ပဲ ရပါတယ်။ ရတော့ အဲဒီ တံတား အခု မတ်လကုန်မှာ ပြီးစီးမှာဖြစ်ပါတယ်။ အဲဒီမှာ တံတားဆောက်နေတဲ့အခြေအနေဖြစ်ပါ တယ်။ မတ်လကုန်ကျရင် ဒီတံတားပြီးမည်ဖြစ်ကြောင်း အစီရင်ခံအပ်ပါတယ်။ ဒါဖြင့်ရင် ကျန်တဲ့နှစ်ခု ကရော ကျန်တဲ့နှစ်ခုအတွက် ပိုက်ဆံမပါသော်လည်းပဲ တံတားလောလောဆယ်မလုပ်သေးဘဲနဲ့ ယာယီ အစီအစဉ်နဲ့ ကျွန်တော်တို့ နှစ်နေရာလုပ်ထားပါတယ်။ အဲဒါကို မတ်လကုန်မှာ ဒီဘက်က တံတား တစ်စင်းကြီးတဲ့တံတားကို ပြီးတာနဲ့ ဒီ ပေ ၂၀၊ ပေ ၃၀ ပဲရှိတဲ့ဟာတွေကို ယာယီထပ်ခွေနဲ့ ရထားဖြတ် နိုင်အောင် ကျွန်တော်လုပ်ထားပါတယ်။ မတ်လကုန်၊ ဧပြီလဆန်းမှာ ဒီကွမ်းတောင်ကနေပြီးတော့ ကျောက်တော်အထိ တိုက်ရိုက်ပြေးနိုင်မှာဖြစ်ပါတယ်။ အဲဒီပြေးတဲ့အခါမှာတော့ သူ့ရဲ့ ခရီးသည် အခြေအနေလိုအပ်ချက်ကို မူတည်ပြီးတော့ နှစ်ခေါက်စီပြေးနိုင်အောင် ဆောင်ရွက်သွားမှာဖြစ်တဲ့ အကြောင်း အစီရင်တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**သမိုင်းချောင်း၊ ပိတောက်ချောင်း၊ ကမာရွတ်ချောင်းများအား စဉ်ဆက်မပြတ် ထိန်းသိမ်းခြင်းများအား ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦးဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်မှာရှိတဲ့ သမိုင်းချောင်း၊ ပိတောက်ချောင်း၊ ကမာရွတ်ချောင်းများအား ချောင်းနယ်နိမိတ်များ ပြန်လည်သတ်မှတ်တိုင်းတာဖို့၊ အမှတ်အသားတိုင်များစိုက်ထူဖို့၊ ပြန်လည်တူးဖော်ဖို့၊ စဉ်ဆက်မပြတ်ထိန်းသိမ်းစောင့်ရှောက်ဖို့ အစီအစဉ်ရှိ/မရှိမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့လှိုင်မြို့နယ်က အဓိကရေနုတ်ပေးတဲ့ချောင်းသုံးခုရှိပါတယ်။ ဒီချောင်းသုံးခုဟာ လှိုင်မြစ်ထဲကို ချောင်းသုံးချောင်းလုံး စီးဝင်ပါတယ်။ ယခုအခါမှာတော့ အရင်တုန်းက ရပ်ကွက်ထဲမှာရှိတဲ့ ရေစုကန်တွေက အခု မြေဖို့ပြီးတော့ အဆောက်အဦတွေဆောက်တယ်။ နောက် လူနေရပ်ကွက်တွေမှာ ကန်ထရိုက်အဆောက်အဦတွေ အများအပြားဆောက်နေတယ်။ နောက် ကွန်ကရစ်တွေအပြည့်ခင်းတဲ့အတွက် မြေထဲကို မြေအောက်ရေအဖြစ် စိမ့်ဝင်ခြင်းမရှိဘဲနဲ့ ချောင်းထဲကို ရေပမာဏများစွာ စီးဝင်ပါတယ်။ ပြီးတော့ စည်းမဲ့ကမ်းမဲ့ အမှိုက်များပစ်တဲ့အတွက် အမှိုက်များပိတ်ဆို့မှုများလည်းရှိပါတယ်။ ချောင်းဧရိယာကို အဆောက်အဦများကျူးကျော်ဆောက်လုပ်တယ်၊ ချောင်းမြေကို ဂရန်များထုတ်ပေးတဲ့အတွက် ချောင်းဧရိယာဟာ တချို့နေရာတွေမှာ လေးပေ၊ ငါးပေလောက်ပဲရှိပါတော့တယ်။ အဲဒီတော့ ဒီချောင်းသုံးချောင်းတိမ်ကောသွားရင်၊ ပပျောက်သွားရင် ရေစီးရေလာမကောင်းရင် ကျွန်တော်တို့ လှိုင်မြို့နယ်နဲ့ဆက်စပ်မြို့နယ်များမှာ ရေကြီးရေလျှံမှုများ နှစ်စဉ်ကြုံတွေ့လာနိုင်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီချောင်းကို ချောင်းဧရိယာ ပြန်လည်သတ်မှတ်ဖို့လိုပါတယ်။ ချောင်းထဲမှာရှိတဲ့ ပိတ်ဆို့နေတဲ့အမှိုက်တွေ၊ နုန်းတွေ၊ မြေစာတွေကို တူးဖို့အတွက် စက်ယန္တရားဝင်ဖို့အတွက် ရေပြင်ဧရိယာဟာ အနည်းဆုံး ပေ ၂၀ လောက် လိုအပ်ပါတယ်။ တူးဖော်ရရှိတဲ့အမှိုက်တွေ၊ နုန်းတွေ၊ မြေစာတွေကို သယ်ထုတ်ဖို့အတွက် ချောင်းကမ်းပါးကလည်း ယာဉ်အဝင်/အထွက်လုပ်နိုင်အောင် ပေ ၂၀ လောက်ကျယ်ဖို့လိုပါ

တယ်။ အဲဒီတော့ ကျွန်တော်တို့ စက်ယန္တရားနဲ့တူးမယ်။ မြေစာတွေ၊ အမှိုက်တွေဆယ်ပြီးတော့ ဆောင်ရွက်မှသာ ထိထိရောက်ရောက် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အခုအခါမှာ ယာဉ်တွေဝင်လို့ မရတဲ့အတွက် လူအင်အားနဲ့ဆောင်ရွက်ရပါတယ်။ လူအင်အားနဲ့ဆောင်ရွက်ရတဲ့အတွက် အလုပ် မတွင်ကျယ်ပါဘူး။ အချိန်တွေ၊ အလုပ်တွေ၊ ဘဏ္ဍာငွေတွေ အများအပြားကုန်ပါတယ်။ ထိရောက် အောင်မဆောင်ရွက်နိုင်ပါဘူး။ ဒါ့ကြောင့် လှိုင်မြို့နယ်အတွင်းမှာရှိတဲ့ သမိုင်းချောင်း၊ ပိတောက်ချောင်း၊ ကမာရွတ်ချောင်း ချောင်းသုံးချောင်းကို ချောင်းဧရိယာပြန်လည်သတ်မှတ်တိုင်းတာဖို့၊ အမှတ်အသား တိုင်တွေစိုက်ထူဖို့၊ ပြန်လည်တူးဖော်ဖို့၊ စဉ်ဆက်မပြတ်ထိန်းသိမ်းဆောင်ရွက်နိုင်ဖို့အတွက် မေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦးရဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်မှာရှိတဲ့ သမိုင်းချောင်း၊ ပိတောက် ချောင်း၊ ကမာရွတ်ချောင်းများအား ချောင်းမြေကျူးကျော်မှုများကို စစ်ဆေးအရေးယူဖယ်ရှားခြင်း၊ ချောင်းဧရိယာပြန်လည်တိုင်းတာသတ်မှတ်ခြင်း၊ အမှတ်အသားစိုက်ထူခြင်း၊ ပြန်လည်တူးဖော်ခြင်း၊ စဉ်ဆက်မပြတ်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကိုယ်စား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနအနေနဲ့ ကျွန်တော်ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါကတော့ သမိုင်းချောင်းဖြစ်ပါတယ်။ သမိုင်းချောင်းဟာ ကုန်းမြင့်သာ၊ မရမ်းကုန်းမြို့နယ်ကနေစတင်စီးဆင်းလာပြီးတော့ မင်းဓမ္မလမ်း၊ အင်းစိန်လမ်း၊ ဘုရင့်နောင်လမ်း၊ ဗဟိုလမ်း၊ ဘုရင့်နောင်လမ်းတို့ကိုဖြတ်ပြီးတော့ လှိုင်မြစ်ထဲကိုဝင်တာဖြစ်ပါတယ်။ အဲဒီနေရာမှာ မရမ်းကုန်းမြို့နယ်ရဲ့စီမံခန့်ခွဲမှုအတွင်းမှာရှိပြီးတော့ မရမ်းကုန်းမြို့နယ်၊ ကုန်းမြင့်သာ ကနေစတင်စီးဆင်းပြီးတော့ လှိုင်မြို့နယ်နဲ့ထိစပ်မှုအရ မင်းဓမ္မလမ်း၊ အင်းစိန်လမ်း၊ ဗဟိုလမ်း၊ ဘုရင့်နောင်လမ်းတို့ကိုဖြတ်ပြီးတော့ လှိုင်မြစ်အထိစီးပါတယ်။ အမှတ်(၁၂)ရပ်ကွက်၊ လှိုင် (၁၆)

ရပ်ကွက်၊ (၁၅)ရပ်ကွက်တို့ကို ဖြတ်သန်းလာပြီးတော့ ခန့်မှန်းတိုင်းတာမှုအရ ချောင်းအရှည် ပေ ၁၃၈၀၀ ဖြစ်ပါတယ်။ (၁၂)ရပ်ကွက်အပိုင်းမှာ သမိုင်းချောင်းနဲ့နီးကပ်တဲ့ စက်မှုဝန်ကြီးဌာနပိုင်မြေလို့ သိရှိရတဲ့ မာလာရုံလမ်း ချောင်းဘေးတစ်လျှောက်နေရာမှာ ၁၉၇၈ ခုနှစ်ကတည်းက ကျူးကျော်အဖြစ် နဲ့သတ်မှတ်တဲ့အိမ်ခြေ ၃၅ လုံးရှိပြီးတော့ ကျူးကျော်မှုအခြေအနေကို စဉ်ဆက်မပြတ်ထပ်ပြီးတော့ မတိုးရေးအတွက် ထိန်းသိမ်းထားရှိတဲ့အခြေအနေဖြစ်ပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၊ မရမ်းကုန်းမြို့နယ်နှင့်လှိုင်မြို့နယ်စည်ပင်သာယာရေး အုပ်ချုပ်ရေးမှူးရုံးကနေပြီးတော့ လူအင်အားနဲ့ နှစ်စဉ် ရှင်းလင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါကတော့ ပိတောက်ချောင်းဖြစ်ပါတယ်။ ပိတောက်ချောင်းကတော့ အမှတ်(၁၃)ရပ်ကွက်၊ ပန်းခြံကျောင်းလမ်း လှိုင်ယာဉ်ရောင်းစခန်းဝင်းကနေပြီးတော့ အမှတ်(၁၃)၊ (၅)၊ (၄)ရပ်ကွက်တို့ကို ဖြတ်ပြီးတော့ လှိုင်မြစ်အထိစီးဆင်းကာ ခန့်မှန်းတိုင်းတာမှုအရ ပေ ၅၇၀၀ ဖြစ်ပါတယ်။ အမှတ်(၁၃) ရပ်ကွက်အပိုင်း ပေါင်းစည်းလမ်းနှင့်ဆက်စပ်တည်ရှိတဲ့ အိမ်ခြေ ၂၃ လုံးနှင့် ဘုန်းကြီးကျောင်း တစ်ကျောင်းဟာ ချောင်းနယ်နိမိတ်နဲ့နီးကပ်စွာတည်ရှိနေတဲ့အတွက်ကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ ချောင်း မြေထိန်းနံရံတည်ဆောက်စဉ်မှာ ပဏ္ဍိတရာမဘုန်းကြီးကျောင်းရဲ့ ချောင်းနယ်နိမိတ်၏ ရေစီးဆင်းနိုင် မှုအခြေအနေဟာ သုံးပေအကျယ်ခန့်သာရှိတဲ့အတွက်ကြောင့် ချောင်းနယ်နိမိတ်ကို တိုင်းတာပေးရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ကွင်းဆင်း စစ်ဆေးခဲ့ရာ မြို့ကွက်မြေပုံ(Block Map)မှာ ပိတောက်ချောင်းတည်ရှိနေရာအား ဖော်ပြပါဝင်ခြင်း မရှိသော်လည်းပဲ မြေပြင်တွင် ချောင်းအဖြစ်နဲ့စီးဆင်းနေတဲ့အတွက်ကြောင့် ချောင်းအကျယ် တိုင်းတာ သတ်မှတ်၍မရသေးကြောင်း စိစစ်တွေ့ရှိရပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ မြေထိန်းနံရံတည်ဆောက်ခြင်း၊ နှစ်စဉ် စက်ယန္တရား/လူ အင်အားတို့ဖြင့် ရေစီးရေလာကောင်းမွန်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။

ဒါကတော့ ကမာရွတ်ချောင်းဖြစ်ပါတယ်။ အင်းလျားကန် တံတားဖြူကနေပြီး စတင်စီးဆင်းလာ ပြီးတော့ ကမာရွတ်မြို့နယ်နဲ့လှိုင်မြို့နယ်တို့ကိုဖြတ်သန်းပြီးတော့ စီးဆင်းလာတာဖြစ်ပါတယ်။ လှိုင် မြို့နယ် အမှတ်(၁၀)၊ အမှတ်(၉)၊ အမှတ်(၁)၊ (၂)ရပ်ကွက်တို့ကိုစီးဆင်းပြီးတော့ ခန့်မှန်းတိုင်းတာမှု အရ ချောင်းအရှည်ဟာ ပေ ၈၅၀၀ ခန့်ရှိပါတယ်။ စက်မှု(၁)ဆပ်ပြာစက်ရုံအနီးမှာ ဓာတုဗေဒလမ်းနှင့် လှိုင်မြစ်လမ်းထိပ်ဝ၊ ကမာရွတ်ချောင်းဘေး ခြေတံရှည်အိမ်နဲ့ ကျူးကျော်မှုအခြေအနေကို စိစစ်တဲ့

အခါမှာ မြေပိုင်အမျိုးအစားဖြစ်နေပြီးတော့ ယုဇနကုမ္ပဏီကဝယ်ယူထားတဲ့မြေအတွင်းမှာဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ရေစီးရေလာကောင်းမွန်ရေးကိုလည်းပဲ နှစ်စဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာ ကိုယ်စားလှယ်တော်ကြီးမေးမြန်းထားတဲ့ ချောင်းဧရိယာ ပြန်လည်တိုင်းတာသတ်မှတ်ခြင်း၊ အမှတ်အသားစိုက်ထူခြင်းနှင့်စပ်လျဉ်းပြီးတော့ ဖြေကြားရမယ်ဆိုရင်တော့ ဒီချောင်းတွေဟာ ရေကြောင်းသွားလာရေးအတွက် အသုံးပြုနိုင်တဲ့ချောင်းတွေမဟုတ်ဘဲနဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကနေပြီး ရေဆိုးထုတ်မြောင်းအဖြစ်သာ အသုံးပြုနေတဲ့ချောင်းများဖြစ်တဲ့အတွက်ကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကနေပြီးတော့ ချောင်းမြေဧရိယာသတ်မှတ်ခြင်း၊ အမှတ်အသားစိုက်ထူခြင်းတို့ကိုဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ချောင်းများကို ချောင်းမြေကျူးကျော်မှုထပ်မံမဖြစ်ပေါ်စေရေး စဉ်ဆက်မပြတ်စစ်ဆေးကြပ်မတ်ခြင်း၊ ချောင်းပြန်လည်တူးဖော်ခြင်း၊ စဉ်ဆက်မပြတ်ထိန်းသိမ်းခြင်းတို့ကိုလည်းပဲ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ နှစ်စဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့တော်ဝန်ကနေပြီးတော့ ဖြေကြားလာပါတယ်။ ၂၀၁၇ ခုနှစ် ပွင့်လင်းရာသီကာလအတွင်း ရေစီးရေလာကောင်းမွန်စေရေး တူးဖော်ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကတော့ ငမိုးရိပ်ချောင်း၊ တွံတေးတူးမြောင်း၊ ပဲခူးမြစ် ၊ ကုက္ကိုလ်ဝမြစ်၊ မှော်ဝန်းချောင်းတို့ကို မြစ်ကြောင်းပြုပြင်ထိန်းသိမ်းရေး အစီအမံများရေးဆွဲထားပြီး နှစ်စဉ်ရန်ပုံငွေရရှိမှုအပေါ်မှာမူတည်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း ပေါင်းစပ်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**နမ့်လွေချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစဲကီကော်(မိုင်းခတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းခတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ မိုင်းခတ်မြို့နယ်အနီး

မှာ စီးဆင်းလျက်ရှိသောနမ့်လွေချောင်းဟာ မြောက်ဘက်တရုတ်ပြည်ကနေပြီးတော့ တောင်ဘက်တိုင်းဒေသကို စီးဆင်းနေတဲ့ချောင်းတစ်ခုဖြစ်ပါတယ်။ ဒီချောင်းဟာ မိုးတွင်းကာလမှာ အင်မတန်မှ ရေစီးသန်ပါတယ်။ ချောင်းရဲ့အကျယ်ကတော့ ပေ ၅၀၀ ခန့်ရှိပါတယ်။ မိုင်းခတ်မြို့အနီးမှာ။ မြစ်ကျဉ်းတဲ့၊ ချောင်းကျဉ်းတဲ့နေရာကတော့ ပေ ၁၀၀ တောင်မရှိပါဘူး။ ဒီချောင်းဟာ ရေကြီးတဲ့အချိန်မှာ ရေလျှံတက်ပြီးတော့ မိုင်းခတ်မြို့အနီးမှာရှိသော ဝမ်ကိုးကျေးရွာနှင့် စစ်ပလောင်ကျေးရွာနှစ်ရွာ ရေမြုပ်ခြင်းခံရပါတယ်။ ရေမြုပ်ရင် နှစ်ပေမှ သုံးပေနှင့် လေးပေအထိ မြင့်တက်လာပါတယ်။ ဒီလိုရေမြုပ်တဲ့အတွက် ရွာသူရွာသားများ သွားလာရေးအခက်အခဲများစွာရှိပါတယ်။ ဒို့အပြင် ကျောင်းသူကျောင်းသားများ ကျောင်းတက်ဖို့အတွက်လည်း အင်မတန်ခက်ခဲပါတယ်။ ဒါ့အပြင် ဒီရွာပတ်ဝန်းကျင်မှာ စိုက်ပျိုးထားသော လယ်ယာခြံမြေများဟာလည်း အကုန်လုံးရေမြုပ်ကုန်တဲ့အတွက် ပျက်စီးဆုံးရှုံးကုန်ပါတယ်။ ငါးကန်များလည်း အကုန်လုံးရေမြုပ်သွားတဲ့အတွက် ဆုံးရှုံးခြင်းခံခဲ့ရပါတယ်။ ချောင်းတစ်လျှောက်မှာ ကျွန်တော်တို့ဒေသရဲ့အားကိုးရဆုံးသော ပြောင်းဖူးခြံကြီးများဟာလည်း ရေကျသွားရင် အကုန်လုံးက လဲသွားပြီးတော့ ဆုံးရှုံးမှုများ ခံစားခဲ့ရပါတယ်။ လယ်ယာမြေဧက ၁၀၀ ကလည်း ကျွန်တော်တို့ ရေမြုပ်တဲ့အတွက် အကုန်လုံး ပျက်စီးပြီးတော့ နောက်တစ်ခါ ပြန်စိုက်ရင်လည်း အထွက်တိုးနည်းတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ မိုင်းခတ်နှင့်ကျိုင်းတုံဆက်သွယ်ထားသော ကားလမ်းမကြီးဟာလည်း အဲဒီချောင်းကြီးနှင့်အပြိုင် ရှိတဲ့အတွက် ဒီကားလမ်းအောက်ခြေမှာလည်း ရေတိုက်စားခြင်းကြောင့်၊ တစ်ခါတလေပြိုကျပြီး လမ်းပန်းဆက်သွယ်မှုပြတ်တောက်သွားတဲ့အတွက် ကျွန်တော်တို့ ဒီ မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းလားသုံးမြို့နယ်ဟာ ဒီလမ်းမကြီးနဲ့ပဲ အားကိုးနေရတဲ့အတွက် ဒီလမ်းဟာလည်း အင်မတန်အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ ဒီလမ်းကိုလည်း အောက်ခြေမှာ ဒီလမ်းနှင့်ချောင်းနဲ့နီးတဲ့နေရာမှာ ကျောက်စီပေးဖို့ တင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုသောမေးခွန်းကတော့ နမ့်လွေချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ချောင်းကိုပိတ်နေသောသဲသောင်များကို ဖယ်ရှားပေးနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ ကွင်းဆင်းလေ့လာပြီး ကူညီဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်နည်း။ အစီအစဉ်မရှိက အဘယ်ကြောင့်နည်းဆိုတာကို လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ မိုင်းခတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစဲကီကော် ရဲ့မေးခွန်းကို ကျွန်တော်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါ ခင်ဗျား။ ဦးစဲကီကော်ရဲ့ဒီမေးခွန်းမှာ ရှမ်းပြည်နယ်၊ မိုင်းခတ်မြို့နယ်မှာ စီးဆင်းလျက်ရှိတဲ့ နမ့်လွေချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းထားတာဖြစ်ပါတယ်။ အဲဒီမှာပဲ ကျွန်တော်တို့ ဒီမေးခွန်းဟာ တတိယအကြိမ်ပုံမှန်အစည်းအဝေးတုန်းက မေးတဲ့မေးခွန်းဖြစ်ပါတယ်။ အဲဒီထဲမှာ ကွင်းဆင်းစစ်ဆေးပြီးတော့ ဆောင်ရွက်ပါဆိုတော့ ကျွန်တော်တို့ ၁ လပိုင်း ၇ ရက်နှင့် ၈ ရက် မှာ ရေအရင်းအမြစ်က အရာရှိတွေနဲ့၊ အင်ဂျင်နီယာတွေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး တို့ကိုပါ လိုက်ပါပြီးတော့ ကျွန်တော်တို့ စစ်ဆေးခဲ့တဲ့အခြေအနေဖြစ်ပါတယ်။ ၇ ရက်နေ့နှင့် ၈ ရက် နေ့မှာ တစ်ကယ်လည်းပဲ အဲဒီမြစ်ကြီးဟာ ကွေ့ကောက်နေပါတယ်။ ခုနပြောတဲ့ ဆွပ်ပလောင်း ကျေးရွာကိုလာပြီးတော့ ဒီကွေ့တည့်တည့်ကိုထိုးနေတာကို တွေ့ရပါတယ်။ ဒီပုံအတိုင်းပဲဖြစ်ပါတယ်။ နမ့်လွေချောင်းကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်းပဲ တရုတ်ပြည် ကနေပြီးတော့ စီးဆင်းလာတာဖြစ်တယ်။ တရုတ်ပြည်တွင်းကြားမှာလည်းပဲ သတ္တုတူးဖော်နေတယ်။ ဒီဘက်ကလည်းပဲ ရေဝေရေလဲဒေသမှာ တောင်ယာခုတ်တာတွေများတဲ့အတွက်ကြောင့်မို့လို့ မြေဆီ လွှာပြုန်းတီးပြီးတော့ သဲ၊ နုန်းတွေ ချောင်းအတွင်း အနည်ထိုင်တဲ့အတွက်ကြောင့် ချောင်းကြမ်း ပြင်မြင့်တက်ခြင်း ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါတယ်။ ဒါကတော့ တိမ်သွားတဲ့ဟာ၊ သဲသောင် တွေထိုးလာတဲ့ဟာ။ ဒါကတော့ ဘယ်လောက်ထိ ထိခိုက်တာလဲပေါ့။ လူနေအိမ်ခြေ ၄၅ အိမ် ဆွပ်ပလောင်း ကျေးရွာမှာရှိတဲ့ရွာပါ။ လယ်ဧက ၄၀ နှင့် ငါးကန် ၂၅ ဧကမှာ ချောင်းရေဝင်လို့မို့ စိုက်ပျိုးသီးနှံပျက်စီးခဲ့တဲ့အကြောင်း တွေ့ရှိရပါတယ်။ တစ်ကြိမ်ဆိုရင်တော့ ရေကြီးခဲ့ရင် တစ်ပတ် လောက်ကြာတယ်။ တစ်နှစ်အတွင်းမှာတော့ နှစ်ကြိမ်ကနေ သုံးကြိမ်အထိ ရေကြီးလေ့ရှိကြောင်း တွေ့ရှိရပါတယ်။ ဒါကတော့ ခုန ဆွပ်ပလောင်းကျေးရွာကို အဝေးကမြင်တာပါ။ နမ့်လွေချောင်းရဲ့ ဝမ်ခုတ်ကျေးရွာကတော့ အိမ်ခြေ ၇၅ အိမ်ရှိပါတယ်။ နမ့်လွေချောင်းနားမှာတော့ ကမ်းပြိုမှု ဖြစ်ပေါ်ခဲ့ခြင်းဟာ လွန်ခဲ့တဲ့ ခုနစ်နှစ်အတွင်းမှာတော့ လူနေအိမ် ၁၀ လုံးက ပြောင်းရွှေ့ခဲ့ရတယ်လို့

သိရှိရပါတယ်။ နှစ်စဉ်နှစ်တိုင်းရွာအတွင်း ချောင်းရေများဝင်အောင်းလေ့ရှိပြီးတော့ တစ်ကြိမ်မှာ တစ်ပတ်ခန့်ကြာတဲ့အကြောင်း တစ်နှစ်ကို နှစ်ကြိမ်ကနေ သုံးကြိမ်အထိ ဝင်ရောက်လေ့ရှိကြောင်း လေ့လာသိရှိရပါတယ်။ လယ်ဧက ၅၀ ကျော်ကတော့ ချောင်းရေဝင်လို့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း စိုက်ပျိုးသီးနှံပျက်စီးဆုံးရှုံးမှုတွေ ကြုံတွေ့ခဲ့ရကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒါကတော့ နမ့်လွေချောင်းနဲ့ဝမ်ခုတ်ကျေးရွာကို မြင်ရတဲ့ပုံတွေဖြစ်ပါတယ်။ ကျိုင်းတုံ၊ မိုင်းခတ် ကားလမ်းဟာ မိုင်တိုင်(၃၄)အနီးမှာရှိတဲ့အတွက်ကြောင့် သဘာဝကျောက်ဆောင် တွေတည်ရှိပြီးတော့ အဲဒီကျောက်ဆောင်တွေက ရေကာတန်းလိုဖြစ်ပြီးတဲ့နောက်မှာ သဲနုန်းတွေအနည် ထိုင်ပြီးတော့ ကြမ်းပြင်မြင့်တက်မှုဖြစ်ပေါ်စေကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ မိုင်တိုင် ၃၂ အနီးမှာ ကျိုင်းတုံ၊ မိုင်းခတ် ကားလမ်းဟာ ချောင်းကွေ့ရဲ့အပြင်ဘက်မှာရှိပြီးတော့ ချောင်းကမ်းပါးမြေသားဟာ သဲနုန်းဆန်တဲ့အတွက်ကြောင့် မိုးရာသီရေစီးသန်ချိန်မှာ ချောင်းကမ်းပါးပြိုကျမှုများဖြစ်ပေါ်နိုင်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ မိုင်တိုင်(၂၆/၆)မှာလည်းပဲ နမ့်လွေချောင်းကမ်းပါးနှင့် ကျိုင်းတုံ-မိုင်းခတ် ကားလမ်းဟာကပ်နေတဲ့အတွက်ကြောင့် ရေတိုက်စားမှုဖြစ်ပေါ်နိုင်တဲ့နေရာဖြစ်ကြောင်း တွေ့ရှိရပါ တယ်။ ဒါကတော့ ကားလမ်းနှင့် ကွေ့မှာဖြစ်နေတဲ့အကြောင်း စိစစ်ထားတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ တကယ်တမ်း လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်းပဲ ဒီကားလမ်းကာကွယ်ရေးရော၊ ဆွပ်ပလောင်းကျေးရွာနှင့် ဝမ်ခုတ်ကျေးရွာ ရေဝင်ရောက်မှုကာကွယ်ရေးရော လေးခုစလုံးဟာ လုပ်သင့်တဲ့အစိတ်အပိုင်းလေးနေရာလုံးဟာ လုပ်သင့်တဲ့အကြောင်းကို တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တွက်ချက်တင်ပြခဲ့ပါတယ်။ ဆွပ်ပလောင်းကျေးရွာ နမ့်လွေချောင်းရေဝင်မှု ကာကွယ်ရေးက ၁၁၄ သန်း ကုန်ကျမှာဖြစ်ပါတယ်။ ဝမ်ခုတ်ကျေးရွာ၊ နမ့်လွေချောင်းရေဝင်ရောက်မှု ကာကွယ်ရေးနှင့် နမ့်လွေချောင်းကမ်းပါးကာကွယ်ရေးကတော့ Steel Basket အခြေပြုကျောက်စီနံရံ အလျား ၇၀၀ ပေ တည်ဆောက်ရမှာဖြစ်ပါတယ်။ ၁၇၃ သန်းကုန်ကျမှာဖြစ်ပါတယ်။ ကျိုင်းတုံ-မိုင်းခတ်ကားလမ်းကို မိုင်တိုင်(၃၄)အနီးမှာ သဲသောင်နဲ့ကျောက်တုံးတွေကို ဖယ်ရှားခြင်းကတော့ အလျားပေ ၁၂၀၀ ရှည်ပါတယ်။ အဲဒါကတော့ သန်း ၆၀ လောက်ပဲကျမယ်လို့ တွက်ချက်ထားပါတယ်။ Gabion Box တွေနဲ့ မိုင်တိုင်(၃၂)မှာ ၃၀၆ သန်းကုန်ပါမယ်။ လေးခုစလုံးတစ်ပြိုင်တည်း လုပ်မယ်ဆိုရင်တော့ ၆၅၃ သန်းကုန်ကျမှာဖြစ်ကြောင်း ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ ညှိနှိုင်းဆောင်ရွက်ထားပါတယ်။ အဲဒီအခါမှာ ၂၀၁၆-၂၀၁၇ ခုနှစ်ထဲမှာလည်း မပါပါဘူး။ ၂၀၁၇-၂၀၁၈ ငွေလုံးငွေရင်းရန်ပုံငွေမှာလည်း မပါသေးပါဘူး။ ဒါကြောင့် ၂၀၁၈-၂၀၁၉ ခုနှစ်မှာတော့

ထည့်ပေးပါဆိုပြီးတော့ ကျွန်တော်တို့ဘက်ကနေပြီးတော့ တင်ပြထားပါကြောင်း ညှိနှိုင်းပေါင်းစပ်မှုအရ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ ဒီနေ့အတွက် အစီအစဉ်(၇)နှင့် (၈)ကျန်ပါတယ်။ အစီအစဉ်(၇)နှင့်(၈)မှာ သဘောထားပြောဖို့ရှိတဲ့ ဥပဒေကြမ်းကော်မတီရယ်၊ ပြည်ထဲရေးဝန်ကြီးဌာနရယ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရယ်က သဘောထားကို ရှည်ရှည်လျားလျားပြောဖို့ရှိလား။ တိုတိုနှင့်လိုရင်းပဲ ပြောဖို့ရှိလား။ တိုတိုနှင့်လိုရင်းပြောဖို့ရှိတယ်ဆိုရင်တော့ တစ်ဆက်တည်းဆက်သွားမယ်။ ရှည်ရှည်လျားလျားပြောဖို့ရှိတယ်ဆိုလို့ရင်တော့ နေ့လယ်စာစားပြီးမှ ပြန်စမယ်။ အဲဒီ သဘောထားကို သိချင်ပါတယ်။

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကိုကာကွယ်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာစတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့တဲ့ နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ ၁၆-၁၁-၂၀၁၆ ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်ထံ ဖြန့်ဝေခဲ့ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် (၃)ချက်ကို သဘောတူသင့်ကြောင်းနှင့် (၇)ချက်နှင့်စပ်လျဉ်းပြီး သဘောကွဲလွဲကြောင်း တင်ပြလာပါတယ်။ နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များနှင့် သဘောတူသင့်သည့်(၃) ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကိုဖိတ်ခေါ်ပါတယ်။

**ဦးပါထန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးပါထန်း၊ ဥပဒေကြမ်းကော်မတီဝင် ဖြစ်ပါတယ်။ ယခု ကော်မတီရဲ့တာဝန်ပေးချက် အရ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ ၏ စိစစ်ချက်ကို ကျွန်တော်ဖတ်ကြားတင်ပြပေးပါမယ်။

၁။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီကတင်သွင်းသည့် နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ဖြစ်သည့် ၂၀-၉-၂၀၁၆ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ပေးပို့ခဲ့ပါသည်။ အမျိုးသားလွှတ်တော်မှ ၇-၁၀- ၂၀၁၆ ရက်နေ့၌ ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် သဘော တူပါကြောင်း ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါသည်။

၂။ ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ ဖြစ်သည့် ၁၆-၁၁-၂၀၁၆ ရက်နေ့တွင် လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၁၈-၁၁-၂၀၁၆ ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ပြင်ဆင်ချက် အဆိုများ တင်သွင်းသူမရှိခဲ့ပါ။

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၂၃-၁၁-၂၀၁၆ ရက်နေ့နှင့် ၁၄-၂-၂၀၁၇ ရက်နေ့တို့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ် ရေးကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပါသည်။

၄။ ယင်းညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီသည် အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့သည့်အချက်များအနက် အောက်ဖော်ပြ ပါအချက်(၃)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူလက်ခံခဲ့ပါသည်။

ပြင်ဆင်ချက်ကို ကိုယ်စားလှယ်တော်များလက်ထဲမှာ ဖြန့်ဝေပြီးသားဖြစ်တဲ့အတွက်ကြောင့် ဆက်လက်ဖတ်ကြားခြင်း မပြုတော့ပါ။

**[ပြင်ဆင်ချက်ဇယား]**

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အခန်း | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|---|
| (က) | ၁ | ၁ | ၁ | အပိုဒ် ၂ အပိုဒ်ခွဲ(ဃ) |
| (ခ) | ၂ | ၃ | ၃ | အပိုဒ် ၅ အပိုဒ်ခွဲ(ခ) |
| (ဂ) | ၃ | ၇ | ၄ | အသစ်ဖြည့်စွက်ချက်အပိုဒ် ၈ အပိုဒ်ခွဲ(ဇ)ကို ပယ်ဖျက်ခြင်း |

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူလက်ခံသော အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် (၃)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့ ပြင်ဆင်ချက်(၃)ချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်း ကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့အချက်(၃)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူကြောင်းနှင့် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့

ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီရဲ့ထပ်မံပြင်ဆင်ချက် (၇)ချက်ကိုတင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးပါထန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြင်ဆင်ရန်တင်ပြချက် (၇)ချက်ကို ဆက်လက်တင်ပြခွင့်ပြုပါ။ ညှိနှိုင်းအစည်းအဝေးများ၏ သဘောတူဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန် တင်ပြချက်ခုနစ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ ထပ်မံပြင်ဆင်ရန် တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါသဖြင့် အသေးစိတ်မဖော်ပြလိုတော့ပါ။

**[ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ဇယား]**

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အခန်း | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|---|
| (က) | ၁ | ၂ | ၃ | အပိုဒ် ၅ အပိုဒ်ခွဲ(က) |
| (ခ) | ၂၊ ၃၊ ၄ | ၄၊ ၅၊ ၆၊ ၈ | ၄ | အပိုဒ် ၇၊ အပိုဒ် ၈ ခြေဆင်း၊ အပိုဒ် ၈ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၉ (အဆိုပြုပြဋ္ဌာန်းချက်နှင့် အမျိုးသားလွှတ်တော်တို့၏ အတည်ပြုချက်တို့ကို ပယ်ဖျက်ခြင်း) |
| (ဂ) | ၄၊ ၅ | ၉၊ ၁၀ | ၅ | အပိုဒ် ၁၀၊ အပိုဒ် ၁၁ |

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၏ သဘောထားကွဲလွဲသည့်အချက် ခုနစ်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောမတူ၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန်

တင်ပြချက် (၇)ချက်နှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် (၇)ချက်အပေါ်မှာ သဘောတူညီပါကြောင်း၊ ကန့်ကွက်ရန်မရှိပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်(၇)ချက်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း သဘောမတူဘဲ ဥပဒေကြမ်း ကော်မတီရဲ့ထပ်မံပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်(၇)ချက်ကို သဘောမတူဘဲ ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက် ဖြင့် ပြန်လည်ပေးပို့သော နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်(၇)ချက်ကို သဘောမတူဘဲ ဤဥပဒေကြမ်းကော်မတီ၏ထပ်မံပြင်ဆင်ချက်များအတိုင်း လွှတ်တော်က အတည်ပြုပြီးဖြစ်ပါတယ်။

ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း အဆို တင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ သဘောထားကွဲလွဲချက် (၇)ချက်ရှိပါတယ်။ ထိုသဘောထားကွဲလွဲချက်(၇)ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်း ဥပဒေခွဲ (က)အရ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ရှင်။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲတဲ့အချက် (၇)ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအဆုံးအဖြတ်ရယူသင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ တင်သွင်းလာသောအဆိုကို အလေး အနက် ထောက်ခံအပ်ပါကြောင်း တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့(၇)ချက်နဲ့ပတ်သက်ပြီး သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ပြန်လည်ဆွေးနွေးခဲ့ ရာတွင် သဘောကွဲလွဲသည့် အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်(၇)ချက်ကို ပြည်ထောင်စု

လွှတ်တော်သို့တင်ပြရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က) နှင့်(ခ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂:၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၂:၁၅ နာရီအချိန်တွင်ရပ်နားပါသည်။]

**ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် (၁၆.၂.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ကိုယ်စားလှယ်များနှင့် ဝန်ကြီးများ**


ဦးအာမိုးဆီ (ခေါင်လန်ဖူး မဲဆန္ဒနယ်)


ဦးစိုင်းထွန်းစိန် (မိုင်းပျဉ်း မဲဆန္ဒနယ်)


ဦးရွှေလှ (သယ်န်းကျွန်း မဲဆန္ဒနယ်)


ဦးခင်မောင်သိ (ရွှေပြည်လင် မဲဆန္ဒနယ်)


ဦးမင်းသိုင်း (ဘိုကလေး မဲဆန္ဒနယ်)


ဒေါ်ခင်စောဝေ (ရသေ့တောင် မဲဆန္ဒနယ်)


ဦးကျော်မင်း (လက်ပံတန်း မဲဆန္ဒနယ်)


ဦးဦးထွန်းမောင် (ပုဏ္ဏားကျွန်း မဲဆန္ဒနယ်)


ဦးအောင်ကျော်ကျော်ဦး (လှိုင် မဲဆန္ဒနယ်)


ဦးစဲကီကော် (မိုင်းခတ် မဲဆန္ဒနယ်)


ဒေါက်တာမြင့်ထွေး
(ကျန်းမာရေးနှင့် အားကစားဝန်ကြီး)


ဦးသန့်စင်မောင်
(ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး)

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်